another development

# ကျောင်းများ၌ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှု

## ကရင်ပြည်နယ်ရှိ တစ်ဦးချင်း၊ အချင်းချင်းကြား ဆက်ဆံမှုနှင့် စနစ်ပိုင်းဆိုင်ရာ အတားအဆီးများ





# ကျောင်းများ၌ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှု

## ကရင်ပြည်နယ်ရှိ တစ်ဦးချင်း၊ အချင်းချင်းကြား ဆက်ဆံမှုနှင့် စနစ်ပိုင်းဆိုင်ရာ အတားအဆီးများ


**အသိပေးရှင်းလင်းချက်**

ဤပုံနှိပ်ထုတ်ဝေခြင်းကို အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ ငွေကြေးထောက်ပံ့မှုဖြင့် Family Health International (FHI 360) ၏ နှစ်ဖက် သဘောတူညီချက်/ရန်ပုံငွေအမှတ် 720-482-18-LA-00001 ဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။ ပုံနှိပ်ထုတ်ဝေရာတွင် ပါရှိသည့် အကြောင်းအရာများသည် FHI 360 သို့မဟုတ် USAID ၏ သဘောထားအမြင်၊ လေ့လာသုံးသပ်ချက်၊ သို့မဟုတ် ပေါ်လစီမူဝါဒများနှင့် မသက်ဆိုင်သကဲ့သို့ မည်သည့် ကုန်သွယ်မှုဆိုင်ရာ အမည်များ၊ စီးပွားရေးအရထုတ်ဝေသည့် ထွက်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကိုမျှ ထောက်ခံချက်ပေးသည့်သဘော မသက်ရောက်စေပါ။

## ANOTHER DEVELOPMENT

Another Development (AD) အဖွဲ့သည် မြန်မာနိုင်ငံအခြေပြု အကျိုးအမြတ်မယူသော မူဝါဒဆိုင်ရာသုတေသနများ ပြုစုသည့် အဖွဲ့အစည်းဖြစ်သည်။ AD အဖွဲ့အနေဖြင့် လူ့အခွင့်အရေး၊ ဇဟုယဉ်ကျေးမှုများကို အသိအမှတ်ပြုခြင်း၊ ဇဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ဖက်ဒရယ်ဝါဒ၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း၊ လျှပ်မြန်အစိုးရနှင့် ပြည်သူဟူသည့် အဓိကကဏ္ဍ ၅ ခုကို အလေးထား လုပ်ဆောင်လျက်ရှိပါသည်။

ထိရောက်မှုရှိသော ပြည်သူ့ရေးရာမူဝါဒများကို ပြောင်းလဲရန်အလို့ငှာ တိုက်တွန်းလှုံ့ဆော်သည့်နည်းလမ်းဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော ပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းချက်ထုတ်ရာတွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၅ ခုနစ်တွင် စတင်တည်ထောင်ခဲ့သည်။ AD အဖွဲ့တွင် လုပ်ငန်းဌာနလေးခုရှိပြီး ၎င်းတို့မှာ မဟာဗျူဟာဆက်သွယ်ရေးဌာန၊ သုတေသနနှင့် စည်းရုံးလှုံ့ဆော်ခြင်းဌာန၊ အကြံဉာဏ်ပေးခြင်းနှင့် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုဌာနနှင့် လုပ်ငန်းလည်ပတ်ရေး အထောက်အကူပြုဌာနတို့ ဖြစ်ကြပါသည်။

## ကျေးဇူးတင်လွှာ

ရှေးဦးစွာ AD အဖွဲ့အနေဖြင့် ဤသုတေသနအစီရင်ခံစာ ဖြစ်မြောက်စေရေးအတွက် လိုအပ်သောအကူအညီများနှင့် အထောက်အပံ့များပေးအပ်ခဲ့သည့် ကရင်ပြည်နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများကို အထူးပင် ကျေးဇူးတင်အပ်ပါသည်။ ထို့အပြင် AD အနေဖြင့် စစ်တမ်းတွင်ပါဝင်ပေးခဲ့ကြသော ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသူ ကျောင်းသား တစ်ဦးချင်းစီကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

AD အဖွဲ့အနေဖြင့် ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော ကရင်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်ကိုလည်း စီမံကိန်းတစ်လျှောက် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးတင်လိုပါသည်။ အထူးသဖြင့် ဤကွန်ရက်မှ ကျွန်ုပ်တို့အတွက် ဆက်သွယ်ရေးကိစ္စရပ်များအပါအဝင် လိုအပ်သောကိစ္စရပ်များကို ပံ့ပိုးကူညီခဲ့သော မတင်တင်လှိုင်နှင့် စေတနာ့ဝန်ထမ်းများအား ကျေးဇူးတင်လိုပါသည်။

ဤသုတေသနအစီရင်ခံစာ ပြုစုရေးဆွဲရာတွင် လိုအပ်သောလမ်းညွှန်ချက်များနှင့် အကြံဉာဏ်များပေးအပ်ခဲ့သော သုတေသနအတိုင်ပင်ခံ ဂျော်ဂျီယာဝယ်လင်တန်နှင့် ပရီယန်ကာလောင်ဒါတို့ကို အထူးပင်ကျေးဇူးတင်အပ်ပါသည်။ ထို့အပြင် ဤသုတေသန ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ထောက်ပံ့ပေးခဲ့ကြသော AD မှ သုတေသနအဖွဲ့သားများဖြစ်သော ဆိုင်းဆန်မိုင်နှင့် ထက်ဝေဝေခိုင်တို့ကိုလည်း အထူးကျေးဇူးတင်အပ်ပါသည်။ နောက်ဆုံးအနေဖြင့် AD အဖွဲ့သည် Family Health Internatinal 360 (FHI 360) ကို ၎င်း၏ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိလိုပါသည်။ ၎င်းတို့၏ အထောက်အပံ့မပါဘဲ ဤစီမံကိန်း ဖြစ်မြောက်လာမည်မဟုတ်ပေ။ ကျွန်ုပ်တို့အနေဖြင့် ဤနေရာတွင် မဖော်ပြခဲ့မိသော ကူညီထောက်ပံ့ပေးခဲ့သူများ အားလုံးကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ထုတ်ဝေသူ –** Another Development (AD)
**ထုတ်ဝေသည့်ရက်စွဲ –** ဒီဇင်ဘာ၊ ၂၀၂၀ ပြည့်နှစ်
**ရေးသားသူ –** စောကပလူစိုး
**စီမံကိန်းဖြစ်မြောက်ရေး ပံ့ပိုးပေးသူများ –** ဆိုင်းဆန်မိုင်နှင့် ထက်ဝေဝေခိုင်

All rights reserved.
Copyright © 2020 by Another Development Policy Think Tank
62, 5th Floor, Nyaung Tone Street, Sanchaung Township, Yangon.
Tel: (+95) 9 264 883 421
Email: office@anotherdevelopment.org
Website: www.anotherdevelopment.org

# မာတိကာ

**အတိုကောက်ဝေါဟာရများ** ၆

**မြေပုံနှင့်ဇယားများ** ၇

**အနှစ်ချုပ်** ၈

**မိတ်ဆက်** ၁၁
- မြန်မာနိုင်ငံရှိ ပညာရေးစနစ်နှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာ စိန်ခေါ်မှုများ ၁၂
- မြန်မာနိုင်ငံရှိ ပညာရေးတည်ဆောက်ပုံ ၁၄
- ကျောင်းများတွင် လူမှုရေးအရ အားလုံးပါဝင်နိုင်မှု၏ အရေးပါမှုများ ၁၅

**ကရင်ပြည်နယ်၏ နောက်ခံအခင်းအကျင်း** ၁၆

**သုတေသနရည်ရွယ်ချက်၊ လေ့လာမှုပုံစံနှင့် နည်းနာ** ၂၀
- လေ့လာမှု အတိုက်အဝန်း ၂၀
- ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများ ၂၁

**လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ** ၂၃
- လူမှုအသိုင်းအဝိုင်းတွင်းအားလုံးပါဝင်နိုင်မှုအတွက် အတားအဆီးဖြစ်စေသော အစွဲများ ၂၃
  - ၁) အတန်းထဲတွင် ဆွေးနွေးသော အကြောင်းအရာများ (အတန်းထဲတွင် ရှောင်ကြဉ်လေ့ရှိသော ခေါင်းစဉ်များ) ၂၄
  - ၂) မဆွေးနွေးရသည့် အကြောင်းပြချက် ၂၆
  - ၃) အနိုင်ကျင့်မှု သို့မဟုတ် နှောင့်ယှက်စော်ကားမှုများ ၂၆
  - ၄) ကျား/မ အခြေပြု ပုံသေသတ်မှတ်ချက်များ ၂၈
- စနစ်ပိုင်းဆိုင်ရာ အကန့်အသတ်များ ၃၃
  - ၁) မတူကွဲပြားသောယဉ်ကျေးမှုများ အားပေးမြှင့်တင်ခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အနိုင်ကျင့်မှုကိုဆန့်ကျင်ခြင်းနှင့်ပတ်သက်၍ ချမှတ်ထားသော မူဝါဒ/အစီအစဉ်များ ၃၄
  - ၂) မတူကွဲပြားသောယဉ်ကျေးမှုများကို အားပေးမြှင့်တင်ခြင်း ၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အနိုင်ကျင့်မှုကို ဆန့်ကျင်ခြင်းအား အားပေးအားမြှောက်ပြုသော ကျောင်းတွင်းလှုပ်ရှားမှုများ ၃၅
  - ၃) အနိုင်ကျင့်မှုနှင့် နှောင့်ယှက်စော်ကားမှုများကို ကြားဝင်ဖျန်ဖြေခြင်း ၃၇
  - ၄) ကျောင်းအဆင့် လူမှုရေးအဆိုင်ရာ အားလုံးပါဝင်/အကျုံးဝင်စေခြင်း ၃၈

**နိဂုံး** ၄၁
- လူတိုင်းအကျုံးဝင် ပညာရေးအတွက် အခွင့်အလမ်းများ ၄၁
- လူ့အခွင့်အရေးများကို သင်ကြားပေးခြင်း ၄၁
- ကျောင်းသင်ခန်းစာများတွင် ယဉ်ကျေးမှုဆိုင်ရာရှုထောင့် ပါဝင်မှု ၄၂
- အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံရေးနှင့် ဆက်နွှယ်မှုများကို အားပေးခြင်း ၄၂
- အနိုင်ကျင့်မှုပပျောက်ရေးအတွက် တစ်ကျောင်းလုံးပါဝင်သည့် ချဉ်းကပ်နည်း ၄၃

**ကျမ်းကိုးစာရင်း** ၄၅

# အတိုကောက်ဝေါဟာရများ

| | | |
|---|---|---|
| **AD** | - | Another Development |
| **CSOs** | - | အရပ်ဘက်လူမှုအဖွဲ့အစည်းများ |
| **DERPT** | - | ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| **KHRG** | - | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| **LGBT** | - | စုံလင်ကွဲပြားသူများ (Lesbian, Gay, Bisexual and Transgender) |
| **MoE** | - | ပညာရေးဝန်ကြီးဌာန |
| **MoPF** | - | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| **NEL** | - | အမျိုးသားပညာရေးဥပဒေ |
| **UNESCO** | - | ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ |
| **UNHCR** | - | ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| **UNICEF** | - | ကုလသမဂ္ဂ ကလေးသူငယ်များရန်ပုံငွေအဖွဲ့ |
| **OHCHR** | - | ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး |

# မြေပုံနှင့် ဇယားများ


ပုံ (၁) လက်ရှိ အခြေခံပညာရေးနှင့် ၁၃ နှစ်ကြာ အခြေခံပညာရေးစနစ်အား နှိုင်းယှဉ်ချက်

ပုံ (၂) ကရင်ပြည်နယ်ရှိ မျိုးနွယ်စု/တိုင်းရင်းသားလူမျိုး ဖွဲ့စည်းပုံ

ပုံ (၃) ကရင်ပြည်နယ်ရှိ ဘာသာရေးကိုးကွယ်မှု ဖွဲ့စည်းပုံ

ပုံ (၄) ကရင်ပြည်နယ်မြေပုံ

ပုံ (၅) စစ်တမ်းကောက်ယူခဲ့သော ကျောင်းသား/သူများ၏ ကိုးကွယ်ယုံကြည်မှု

ပုံ (၆) အတန်းထဲတွင် ဆွေးနွေးသောအကြောင်းအရာများ (ဆရာ/မ စစ်တမ်း)

ပုံ (၇) အတန်းထဲတွင် ဆွေးနွေးသောအကြောင်းအရာများ (ကျောင်းသား/သူ စစ်တမ်း)

ပုံ (၈) ကျောင်းတွင် အနိုင်ကျင့်ခြင်းနှင့် နှုတ်ဖြင့်နှောင်ယှက်စော်ကားခြင်းတို့ အတွေ့ရှများသည်။

ပုံ (၉) တစ်ခါတစ်ရံ ကျောင်းသား/သူများ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်သောအခါ များသောအားဖြင့် အသုံးပြုကြသည်။

ပုံ (၁၀) ဗမာဘာသာစကား (မြန်မာဘာသာစကား)ဖြင့်ပြောဆိုမှုကို နားလည်ရန် ခက်ခဲမှုရှိသော ကျောင်းသား/သူများ (၁၁-၁၄ နှစ်)၏ ရာခိုင်နှုန်း။

ပုံ (၁၁) မိမိတို့ကျောင်းရှိ ကျောင်းသား/သူများသည် စာသင်ခန်းအတွင်း စာဖတ်ခြင်း၊ စာရေးခြင်းနှင့် စကားပြောဆိုခြင်းတို့တွင် အခက်အခဲဖြစ်ပါက ၎င်းတို့ကို နောက်ပြောင်ကျီစယ်ခြင်း/အနိုင်ကျင့်ခြင်းတို့ ရှိသည်။

ပုံ (၁၂) အမျိုးသားများသည် အမျိုးသမီးများထက် ခေါင်းဆောင်မှုတာဝန်များနှင့် ပို၍သင့်တော်သည်။

ပုံ (၁၃) အထက်တန်းကျောင်း ပြီးမြောက်ခြင်းသည် မိန်းကလေးများထက် ယောကျ်ားလေးများအတွက် ပို၍အရေးပါသည်။

ပုံ (၁၄) လူတစ်ဦးသည် စုံလင်ကွဲပြားသူများ (LGBT) အုပ်စုထဲတွင် ပါနေသည်ဆိုပါက ...................... ကြောင့် ဖြစ်သည်။

ပုံ (၁၅) ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုကို မြှင့်တင်နိုင်ရန် မိမိတို့ကျောင်းတွင် ...................... ရှိသည်။

ပုံ (၁၆) အနိုင်ကျင့်ခြင်းပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် မိမိတို့ကျောင်းတွင် ...................... ရှိသည်။

ပုံ (၁၇) အနိုင်ကျင့်မှု သို့မဟုတ် ထိပါးနှောင့်ယှက်မှုတို့ကို မတိုင်ကြားဖူးသော ကျောင်းသား/သူ ရာခိုင်နှုန်း

# အနှစ်ချုပ်

ဤသုတေသနအားဖြင့် မြန်မာနိုင်ငံရှိ အလယ်တန်းကျောင်းများ၌ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုကို အတားအဆီးဖြစ်သောအရာများအား ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ ကနဦးအနေဖြင့် ဆရာ/မများနှင့် ကျောင်းသား/သူများ၏ မတူညီကွဲပြားမှုများနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုဆိုင်ရာကိစ္စရပ်များ ထင်မြင်ယူဆချက်များနှင့် ထိုကိစ္စရပ်များနှင့် ပတ်သက်သော ၎င်းတို့၏အတွေ့အကြုံများကို ရှာဖွေဖော်ထုတ်ထားပါသည်။ ထို့အပြင် မတူညီ ကွဲပြားမှုများနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်မှုအတွက် လုပ်ဆောင်နိုင်သော ပဏာမခြေလှမ်းများနှင့် ကြားဝင်ဖျန်ဖြေမှုများကို လေ့လာထားပါသည်။ ဤအစီရင်ခံစာအတွက် အလယ်တန်းကျောင်း စာသင်ခန်းများတွင် (ဆဋ္ဌမတန်းနှင့် သတ္တမတန်း) ဒီဇင်ဘာ ၂၀၁၉ မှ ဒီဇင်ဘာ ၂၀၂၀ အတွင်း သုတေသနပြုလုပ်ခဲ့ပါသည်။ ကရင်ပြည်နယ် အစိုးရကျောင်းများတွင် လူတွေ့စစ်တမ်းကောက်ယူခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် အင်တာဗျူးများကို ဆရာ/မများ၊ ကျောင်းသား/သူများနှင့် ပြုလုပ်ခဲ့ပြီး ကျောင်းများ၌ လူမှုအသိုင်းအဝိုင်းတွင်း အားလုံးပါဝင်နိုင်မှုကို အတားအဆီးဖြစ်စေသော အရာများကို နားလည်သဘောပေါက်နိုင်ရန် လေ့လာခဲ့ပါသည်။

ရှာဖွေတွေ့ရှိသောအချက်အလက်များအရ ကရင်ပြည်နယ်ရှိကျောင်းများ၌ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုကို အတားအဆီးဖြစ်စေသော အစွဲများနှင့် စနစ်အတွင်းအကန့်အသတ်များကို တွေ့ရှိရပါသည်။ အောက်ပါအချက်များမှာ ဤသုတေသနအရ ထွက်ပေါ်လာသော ထင်ရှားသည့်အချက်များ ဖြစ်သည်။

**လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုကို အတားအဆီးဖြစ်စေသော အစွဲများ**

- နှုတ်အားဖြင့် ထိပါးနှောင့်ယှက်မှုများသည် ကျောင်းပတ်ဝန်းကျင်အတွင်း ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသည့် အရာတစ်ခုဖြစ်ကြောင်းတွေ့ရပြီး ပုံစံနှင့်သဘာဝအရ ကွဲပြားမှုရှိသော်လည်း အများအားဖြင့် ယဉ်ကျေးမှု လက္ခဏာများ၊ လူမျိုးစု၊ အသားအရောင်၊ ရုပ်ရည်သွင်ပြင်နှင့် ဘာသာစကား အားနည်းမှုတို့အပေါ် အခြေခံသည်ကို တွေ့ရသည်။
- ဆရာ/မနှင့် ကျောင်းသူကျောင်းသားများ၏ အမြင်များသည်လည်း အမျိုးသမီးနှင့် အမျိုးသားများအကြား မိမိတို့ထင်မြင်ယူဆသည့် မတူညီမှုများအပေါ်မူတည်၍ ကွဲပြားမှုများရှိပြီး အမျိုးသမီးများသည် အမျိုးသားများအောက် တစ်ဆင့်နိမ့်သည်ဟူသော ခံယူချက်များကို တွေ့ရပါသည်။
- ထို့သို့ တစ်ဖက်ယိမ်းသောအမြင်များနှင့် လိင်ဝိသေသလက္ခဏာများ၏ ဆက်နွယ်မှုဆိုင်ရာ အသိပညာများနှင့် စုံလင်ကွဲပြားသူများ (LGBT) ဖြစ်တည်မှု သဘောသဘာဝများသည်လည်း ကျောင်းပတ်ဝန်းကျင်တွင် ကောင်းမွန်စွာ အသိအမှတ်ပြုခံရခြင်းမရှိသေးဘဲ လိင်ဝိသေသလက္ခဏာများနှင့် လိင်စိတ်တိမ်းညွတ်မှုပုံစံများနှင့် ပတ်သက်သည့် အသိပညာများသည်လည်း ကျောင်းအတွင်း ဆွေးနွေးမှုမရှိသေးသည်ကို တွေ့ရသည်။
- ဆရာ/မအများစုသည် စာသင်ခန်းအတွင်း၌ လူတစ်ဦးချင်း၏ မတူညီခြားနားမှုများနှင့် လိင်သဘောသဘာဝ အရိပ်အမြွက်/အရိပ်အရောင်/ကိုးကားချက် မပါသော စိတ်ချလုံခြုံရသည့် အကြောင်းအရာများကိုသာ ဆွေးနွေးရန် တင်ပြခဲ့ပါသည်။

**မြန်မာပညာရေးစနစ်အတွင်းရှိ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုနှင့်ပတ်သက်သော စနစ်ပိုင်းဆိုင်ရာ အကန့်အသတ်များ**

- ကျောင်းအတွင်း မတူညီသော ယဉ်ကျေးမှုများနှင့် ဘာသာရေးဆိုင်ရာ ကိုယ်ပိုင်လက္ခဏာများအား အားပေးမြှင့်တင်ရန် ကြိုးပမ်းမှုအချို့ရှိသော်လည်း မတူညီသော ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ စံတန်ဖိုးများနှင့် အလေ့အထများကို နားလည်တန်ဖိုးထားတတ်လာစေရန် ချမှတ်ထားသော ပညာရေးဆိုင်ရာဗျူဟာများမရှိပါ။

- အနိုင်ကျင့်မှုပပျောက်ရေးအပါအဝင် ထိပါးနှောင့်ယှက်ခြင်းများအား လျှော့ချစေရန် ချမှတ်ထားသော ယန္တရားများမရှိဘဲ ထိပါးနှောင့်ယှက်ခြင်းများအား ကိုင်တွယ်ဖြေရှင်းရခြင်းသည် အများအားဖြင့် ဆရာ/မများ တစ်ဦးချင်းစီ သို့မဟုတ် ဆရာ/မ အစုအဖွဲ့များ၏ တာဝန်ဖြစ်လာသည်။

၁။ လူ့အခွင့်အရေးများကို သင်ကြားပေးခြင်းသည် ကျောင်းသား၊ ကျောင်းသူအားလုံး ပိုမိုပါဝင်သော၊ စိတ်ပါဝင်စားမှုရှိသော စာသင်ခန်းတစ်ခုကိုဖန်တီးရန် အရေးပါသည့် ချဉ်းကပ်နည်းတစ်ခုဖြစ်သည်။ ကျောင်းများ၌ လူ့အခွင့်အရေးများကို သင်ယူခြင်းသည် ငြိမ်းချမ်းသော၊ မျှတသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကိုရရှိရန် အလွန်အရေးပါသည့် တန်းတူညီမျှခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ လူတိုင်း အားလုံးအကျုံးဝင်ခြင်းနှင့် ပါဝင်ဆောင်ရွက်နိုင်ခြင်းဆိုင်ရာ ဘုံယဉ်ကျေးမှုတစ်ခုရှိသည့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းဖြစ်လာရန် အားပေးအားမြှောက်ပြုသည်ကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အခိုင်အမာဆိုထားသည် (Amnesty, 2017.)။ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာ ဗဟုသုတကို ဖြန့်ဝေပေးရေးနှင့် မတူညီ ကွဲပြားသော တန်ဖိုးထားမှုများနှင့် ဓလေ့များအပေါ် လေးစားမှုရှိရန်အတွက် ပြုစုပျိုးထောင်ပေးရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည် (Brett, Mompoint-Gaillard & Salema, 2009)။ လူ့အခွင့်အရေး အသိပညာကို ဖြန့်ဝေပေးနိုင်ရန် ပထမဆုံးအနေဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများ၏ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို ဦးစွာ သတိမူထားရန်လိုအပ်သည်။ ထို့အပြင် လူ့အခွင့်အရေးများ ကြေညာစာတမ်းများနှင့် စာချုပ်စာတမ်းများ၊ ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်ရာ နိုင်ငံတကာဥပဒေများ၊ ယင်းထဲတွင်ပါဝင်သည့်အချက်များ၏ အဓိပ္ပာယ်နှင့် ၎င်းတို့ကိုအခြေခံသည့် တန်ဖိုးထားမှုများ ကျောင်းသား၊ ကျောင်းသူများအား ကောင်းစွာ သိရှိနားလည်လာစေရန် တာဝန်ရှိသည်။ ဒုတိယအနေဖြင့် ဆရာ၊ ဆရာမများသည်လူ့အခွင့်အရေးများအပေါ်အပြုသဘောဆောင်သည့်စိတ်နေစိတ်ထားကိုလက်ခံကျင့်သုံးရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် အားလုံးက ခွဲခြားဆက်ဆံမှုမရှိဘဲ လူ့အခွင့်အရေးများကို လက်တွေ့ကျကျ လိုက်နာကျင့်သုံးသော စာသင်ခန်းတစ်ခု ဖြစ်လာစေရန်လည်း လုပ်ဆောင်ပေးရမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့၏ အခွင့်အရေးများကို လိုက်နာကျင့်သုံးကြရန်နှင့် အခြားသူများ၏အခွင့်အရေးများကိုလည်း ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းအားပေးရန် လိုအပ်ပါသည် (Robinson, Phillips & Quennerstedt, 2018)။

၂။ ကျောင်းသင်ခန်းစာများတွင် ယဉ်ကျေးမှုဆိုင်ရာရှုထောင့်ပါဝင်မှုသည် အားလုံးအကျုံးဝင် ပညာရေးအတွက် အထောက်အကူပြုနိုင်ပါသည်။ အစိုးရက တရားဝင်ပြင်ဆင်ထားသည့်ပြဋ္ဌာန်းစာအုပ်များတွင် တိုင်းရင်းသားနှင့် ယဉ်ကျေးမှုဆိုင်ရာ မတူညီကွဲပြားမှုများအား ပို၍ နက်ရှိုင်းစွာသော်လည်းကောင်း အကြိမ်အရေအတွက် ပိုများ၍သော်လည်းကောင်း ထည့်သွင်းသင်ကြားသင့်ပါသည်။ ရုပ်မြင်သင်ထောက်ကူပစ္စည်းများ၊ ပုံပြင်စာအုပ်များ၊ ကစားနည်းများ စသည်တို့ကဲ့သို့သော သင်ထောက်ကူပစ္စည်းများတွင် တိုင်းရင်းသားလူမျိုးစုနှင့် ယဉ်ကျေးမှုဆိုင်ရာရှုထောင့်များ ပါဝင်ခြင်းသည်လည်း ယဉ်ကျေးမှုဆိုင်ရာမတူကွဲပြားမှုကို သင်ကြားရန် နည်းလမ်းတစ်ခုဖြစ်နိုင်သည်။ ထို့အပြင် တိုင်းရင်းသားပုံပြင်များ၊ စာပေနှင့် တိုင်းရင်းသားလူမျိုးများ၏ ရှုထောင့်ကို အသုံးပြုခြင်းသည် ယဉ်ကျေးမှုဆိုင်ရာအရ ပိုမိုကိုက်ညီမှုရှိပြီး လူတိုင်းအကျုံးဝင်ပညာရေးအတွက် အရေးကြီးပါသည်။ အမျိုးမျိုးသော ယဉ်ကျေးမှုများ၏စာပေများ ပါဝင်ခြင်းသည် ကျောင်းသား၊ကျောင်းသူများများ ကူလူးဆက်ဆံမှုကို အားပေးနိုင်ပြီး လူတစ်ဦးက ယဉ်ကျေးမှုတစ်ခုအပေါ် မည်သို့အမြင်ရှိသည်နှင့်ပတ်သက်သည့် ဗဟုသုတနှင့် နားလည်မှုကို မြှင့်တင်ပေးနိုင်သည်။

၃။ ဆရာ၊ ဆရာမသည် ကျောင်းသား၊ ကျောင်းသူများကြား အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံရေးနှင့် ဆက်နွယ်မှုများကို အားပေးမြှင့်တင်ရန် ကျောင်းသား/သူများအကြား အပြန်အလှန်ဆက်ဆံမှုနှင့် ပူးပေါင်း

ဆောင်ရွက်မှုကို အကျိုးပြုစေသော ‘ပူးပေါင်းဆောင်ရွက် သင်ယူခြင်းနည်းလမ်း’များသုံးခြင်းဖြင့် ကြိုးစားအားထုတ်သင့်သည်။

၄။ တစ်ကျောင်းလုံးပါဝင်သည့် ချဉ်းကပ်နည်းသည် ကျောင်းများတွင် အနိုင်ကျင့်မှုပပျောက်ရေးအတွက် အသုံးပြုနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းအတွက် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ဒေသတွင်းလူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၏ပါဝင်မှုကို လိုအပ်ပြီး အောက်ပါ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများပြုလုပ်ရန် လိုအပ်ပါသည်။

**ကြိုတင်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများ –** အနိုင်ကျင့်မှုများကို တိုက်ဖျက်ရန်အတွက် မူဝါဒများနှင့် သင့်တော်သော လုပ်ထုံးလုပ်နည်းများရေးဆွဲရန် ဆရာ/မများနှင့် ကျောင်းသားမိဘ ကိုယ်စားလှယ်များ ပါဝင်သော အလုပ်အမှုအဆောင်အဖွဲ့တစ်ခု ဖွဲ့သင့်ပါသည်။ ထို့နောက် ဆရာ/မများအား ကျောင်းစာသင်ခန်းများ၊ ကစားကွင်းများနှင့် အခြားသော ကျောင်းပတ်ဝန်းကျင်ရှိနေရာများကို စောင့်ကြည့်စစ်ဆေးရန် တာဝန်ချထားသင့်သည်။ ထို့အပြင် ကျောင်းခန်းအတွင်းနှင့် ကျောင်းဝင်းတစ်ခုလုံးအတွင်း အနိုင်ကျင့်မှုများ၊ ခိုက်ရန်ဖြစ်ပွားခြင်းများနှင့် အခြားသော မလျော်ကန်သည့် ပြုမူဆက်ဆံပုံများအား ကာကွယ်ရန် ကျောင်းသားနှင့် ဆရာများပါဝင်သော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ပါသည်။ ထို့အပြင် ကျောင်းသားကျောင်းသူများအားလည်း စောင့်ကြည့်ရေးအဖွဲ့တွင် ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ တိုင်တန်းခြင်းအလေ့အထများ မြင့်တက်လာစေရန် အားပေးအားမြှောက် ပြုသင့်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် ရှင်းလင်းတိကျသော အချက်အလက်များ မျှဝေထားပေးခြင်း၊ တိုင်တန်းခြင်းများပြုလုပ်ရန် (မည်သူ့ကို သို့မဟုတ် မည်သည့်နေရာတွင် တိုင်ကြားနိုင်သည်ဟူသော) အချက်အလက်များ သိရှိထားစေခြင်းနှင့် တိုင်းတန်းခြင်းများအား စာရင်းအတိအကျဖြင့် မှတ်တမ်းတင်ထားရန် လိုပါသည်။

**တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်းများ –** အနိုင်ကျင့်မှုများ ကျူးလွန်သူများအား တုံ့ပြန်ရန် ဥပမာအားဖြင့် ဆရာ/မများက နှုတ်ဖြင့်သတိပေးခြင်း၊ မိဘခေါ်သတိပေးခြင်း၊ ကျောင်းဆင်းချိန် အများနည်းတူ ပေးမဆင်းခြင်း၊ သို့မဟုတ် တိုတောင်းသည့် အချိန်ကာလတစ်ခုအကြာ အတန်းများ တက်ရောက်ခွင့်ပိတ်ပင်ခြင်းနှင့် ကျောင်းနားထားခြင်းတို့ ပါဝင်ပါသည်။ အခြားသော ချဉ်းကပ်နည်းမှာ ကျောင်းသား၊ ကျောင်းသူများကို အပြစ်ပေးခြင်းထက် ၎င်းတို့အကြား ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကို ပြန်လည်ပြုပြင်ခြင်းအား အဓိကထားခြင်းဖြစ်သည်။ ရန်ပြုခံရသူများကို ၎င်းတို့လုံခြုံရေးအတွက် အာမခံပေးပြီး ၎င်းတို့၏ အတွေ့အကြုံကိုပြန်လည်ဖော်ပြနိုင်အောင် လုပ်ဆောင်ပေးထားသင့်ပါသည်။ ထို့နည်းတူပင် အနိုင်ကျင့်သူများက မိမိတို့လုပ်ရပ်များ၏သက်ရောက်မှုများကို သိရှိလာစေရန်နှင့် ပိုမိုကောင်းမွန်စွာ ပြုမူဆက်ဆံတက်လာရန် အားပေးရမည်ဖြစ်ပြီး ထိခိုက်ပျက်စီးမှုအတွက် တောင်းပန်တတ်ရန် အားပေးရမည်ဖြစ်သည်။

# မိတ်ဆက်

အမျိုးသမီးများ၊ စုံလင်ကွဲပြားသူများ (LGBT)၊ မသန်စွမ်းသူများနှင့် လူမျိုးရေးအရ၊ ဘာသာရေးအရ လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုများအပါဝင် မတူညီသော ခွဲခြားဆက်ဆံမှုပုံစံများသည် မြန်မာ့လူ့အသိုင်းအဝိုင်း ကဏ္ဍမျိုးစုံတွင်ရှိနေကြောင်း အစီရင်ခံစာများအရ သိရသည်။ အမျိုးသမီးများအား ကျားမဖြစ်တည်မှုအပေါ် အခြေခံ၍ ပုံသေသတ်မှတ်ချက်များသည် မြန်မာပြည်ရှိ ဘာသာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဓလေ့ထုံးတမ်းများတွင် အစပြု အမြစ်တွယ်လျက်ရှိပြီး အမျိုးသမီးများသည် ကလေးမီးဖွားပေးသူ၊ မိသားစုကို ပြုစုစောင့်ရှောက်သူ တစ်ယောက်အဖြစ်သာ လက်ခံထားကြသည်(GEN & Global Justice Center, 2016)။ လူမှုရေးစံနှုန်းများနှင့် ပုံသေသတ်မှတ်ချက်များအရ အမျိုးသမီးများကို အားနည်းသူ၊ မိသားစုအတွင်း ဆုံးဖြတ်ချက်မချနိုင်သူအဖြစ်သာ မြင်ကြသည်။ လူမှုပတ်ဝန်းကျင်တွင်လည်း အမျိုးသမီးများ နိုင်ငံရေး၊ လူမှုရေး ဖြစ်စဉ်များတွင် ပါဝင်နိုင်မှုအပေါ် ကန့်သတ်မှုများရှိနေသည် (ibid)။ လူမှုကွန်ရက်၊ မီဒီယာနှင့် အများပြည်သူနှင့်ဆိုင်သော နေရာများတွင် စုံလင်ကွဲပြားသူများ (LGBT) အား ခွဲခြားဆက်ဆံမှုများကို မကြာခဏတွေ့ရတတ်သည်။ စုံလင်ကွဲပြားသူများ (LGBT) ကို ပတ်ဝန်းကျင်က အထင်အမြင်သေးမှုများရှိပြီး လူ့ပုံအလယ်တွင် အလှောင်ခံရခြင်း၊ သရော်ခံရခြင်းများနှင့်လည်း ကြုံတွေ့နေရသည်ကို တွေ့ရသည် (Myint & Htwe, 2017)။ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများမှာလည်း မိသားစုအတွင်းသာမက ပြင်ပ အသိုင်းအဝိုင်းအတွင်းမှာပင် မျိုးစုံသော ခွဲခြားဆက်ဆံခံရမှု၊ ဖယ်ကြဉ်ခံရမှုများ ရှိနေသည်။ မသန်စွမ်းသူများ အဓိကရင်ဆိုင်ရသည့် စိန်ခေါ်မှုများမှတစ်ခုမှာ အတန်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခွင့် မရရှိခြင်းပင်ဖြစ်သည် (Myanmar ICT Sector Wide Impact Assessment, 2015)။ ၂၀၁၄ သန်းခေါင်စာရင်းအရ ၆၇%သော မသန်စွမ်းကလေးများမှာ တရားဝင်အစိုးရကျောင်းတက်ရန် လက်လှမ်းမမီသူများနှင့် ကျောင်း လုံးဝမတက်ဖူးသူများ ဖြစ်ကြပါသည် (Myanmar Population and Housing Census, 2014)။ ပညာရေး လက်လှမ်းမမီခြင်း၏ အကျိုးဆက်အရ အနာဂတ်လုပ်ငန်းခွင်အတွက် လိုအပ်သော ကျွမ်းကျင်မှု မရရှိခဲ့သောကြောင့် လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှုများရှိလာကြောင်း အစီရင်ခံစာများတွေ့ရှိရသည် (Myanmar ICT Sector Wide Impact Assessment, 2015)။

လူနည်းစုတိုင်းရင်းသားများတွင်လည် ၎င်းတို့၏ ယဉ်ကျေးမှု၊ ပညာရေး၊ ဘာသာစကားနှင့် သမိုင်းအစဉ်အလာများ လျှော့နည်းဆုတ်ယုတ်လာစေခြင်းအားဖြင့် ခွဲခြားဆက်ဆံခံရမှုများ ရှိသည် (Amnesty, 2017)။ မြန်မာနိုင်ငံတွင် တရားဝင် အသိအမှတ်ပြုထားသော လူမျိုးစု ၁၃၅ စု ရှိသည့်အနက် ၇၀% မှာ ဗမာလူမျိုးများ ဖြစ်သည် (Census, 2014)။ လက်နက်ကိုင် ပဋိပက္ခများကြောင့် လူနည်းစုတိုင်းရင်းသားများသည် အကြမ်းဖက်မှု၊ အနိုင်ကျင့်စော်ကားမှု၊ နှိပ်စက်မှုများအပါအဝင် စစ်ရာဇဝတ်မှုများကို မကြာခဏ ကျူးလွန်ခံရသည် (Amnesty, 2017)။ ၎င်းတို့အထဲတွင် ကရင်ပြည်နယ်သည် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ကာလရှည်ကြာ ပြည်တွင်းစစ်ဖြစ်ပွားနေသော ဒေသဖြစ်သည့်အားလျော်စွာ ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်နေသည်။ လက်နက်ကိုင်ပဋိပက္ခ၏ အဓိကပြဿနာများအဖြစ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တွေ့ရှိရပြီး များသောအားဖြင့် အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသော ဝေးလံခေါင်ဖျား ကျေးလက်ဒေသများတွင် များစွာ ဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် ကရင်ပြည်နယ်ရှိ ပညာရေးစနစ်သည် တခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်ယှဉ်လျှင် နိမ့်ကျလျက်ရှိပြီး လက်နက်ကိုင်အဖွဲ့များစွာရှိသည့်အလျောက် လူ့အခွင့်အရေးကဲ့သို့သော အကြောင်းအရာများနှင့် ပတ်သက်လာလျှင် အန္တရာယ်၊ ကြောက်ရွံ့မှုများနှင့် စောင့်ကြည့်ခံရမှုများရှိသည်။ Another Development (AD) အသင်းသည် လက်ရှိ အစိုးရ ပညာရေးစနစ်အတွင်း လူမှုရေးအရ အားလုံးပါဝင်နိုင်မှု အခြေအနေကိုလေ့လာခဲ့ပြီး အသေးစိတ်အားဖြင့် ကရင်ပြည်နယ်အတွင်း အလယ်တန်းကျောင်း ခုနစ်ကျောင်းကို အဓိကထားလေ့လာခဲ့သည်။ တွေ့ရှိချက်များကို အခြေပြု၍ ကျောင်းတွင်းလုပ်ဆောင်မှုများနှင့် ထပ်ဆောင်းလေ့လာမှုများ ပြုလုပ်နိုင်စေရန် အကြံပြုချက်များ ပေးထားသည်။ ဤစာတမ်းကို အပိုင်း ၅ ပိုင်း ခွဲထားသည်။ ပထမအပိုင်းမှာ မြန်မာနိုင်ငံရှိ ပညာရေးစနစ်ကို သုံးသပ်ခြင်းနှင့် ကျောင်းတွင် လူမှုအရေးအရ အားလုံးပါဝင်နိုင်မှု၏ အရေးပါပုံကို ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များပါဝင်သည်။ ဒုတိယအပိုင်းတွင် ကရင်ပြည်နယ်၏ နောက်ခံအခြေအနေကို ထည့်သွင်းဖော်ပြထားပြီး လေ့လာမှုပုံစံကိုမူ တတိယအပိုင်းတွင် ရှင်းပြထားသည်။ ထို့နောက် ပစ်မှတ်ထား

လေ့လာခဲ့သော ကျောင်းများမှ ရှာဖွေတွေ့ရှိချက်များအား စတုတ္ထအပိုင်းတွင် ဖော်ပြထားပါသည်။ နောက်ဆုံး နိဂုံးချုပ်အပိုင်းတွင် လက်ရှိအစိုးရကျောင်းများ၌ ရှိနေသော အခွင့်အလမ်းများကို အသုံးချပြီး အကောင်အထည်ဖော်သင့်သည့် အကြံပြုချက်များကို ထောက်ပြထားပါသည်။

## မြန်မာနိုင်ငံရှိ ပညာရေးစနစ်နှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာစိန်ခေါ်မှုများ

၁၉၄၈ ခုနှစ် ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရပြီးစကာလတွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် အာရှတွင် အကောင်းဆုံးထဲမှ တစ်ခုအဖြစ် ရပ်တည်ခဲ့သည် (Htwe, 2018)။ သို့သော် ၁၉၆၂ ခုနှစ် တပ်မတော် အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ပညာရေးအဆင့်အတန်း ကျဆင်းလာခဲ့သည်။ ပညာရေးအသုံးစရိတ်မှာလည်း ၁၉၇၀ ပြည့်နှစ်ကတည်းက သိသိသာသာ ကျဆင်းလာခဲ့သည် (Ibid)။ ထိုသို့ အစိုးရအနေဖြင့် ပညာရေးအသုံးစရိတ်အား လျှော့ချမှုလိုက်ကြောင့် ကျောင်းအပ်နှံခြင်း၊ ကျောင်းပြီးမြောက် အောင်မြင်မှုနှုန်းများ ကျဆင်းလာခဲ့ပြီး၊  နိမ့်ပါးသော သင်ယူမှုရလဒ်များ၊  ပညာရေးကို တန်းတူညီမျှစွာ လက်လှမ်းမမီနိုင်ခြင်း စသည့် အကျိုးဆက်များအား ဖြစ်ပေါ်စေခဲ့သည် (Hayden & Martin, 2013)။ ၂၀၁၁ ခုနှစ် ဦးသိန်းစိန် ဦးဆောင်သော အရပ်သားအစိုးရ တက်လာသောအခါ ပညာရေးကဏ္ဍအတွက် ပြည်ထောင်စုဘဏ္ဍာငွေ ပြောင်းလဲပြင်ဆင်မှုများ စတင်ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသည်လည်း လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ပညာရေး ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်၏ ပထမဦးစားပေး ဆောင်ရွက်ချက်တစ်ခုအနေဖြင့် လုပ်ဆောင်ခဲ့သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ ပြည်ထောင်စုအစိုးရ၏ ပညာရေး အသုံးစရိတ်သည် လွန်ခဲ့သော ၁၀ စုနှစ် တစ်ခုအတွင်း ၂၀၁၁/၂၀၁၂ တွင် စုစုပေါင်းဘဏ္ဍာငွေ၏  ၃.၆၆% (GDP ၏ ၀.၇၁%) မှသည် ၂၀၁၇/၂၀၁၈ တွင် စုစုပေါင်းဘဏ္ဍာငွေ၏ ၇.၇၅% (GDP ၏ ၁.၈၅%) အထိ နှစ်စဉ်တိုးလာကြောင်း သိရသည်။ ၂၀၁၃/၁၄ မှစ၍ ပညာရေးကဏ္ဍသည် ဘဏ္ဍာငွေသုံးစွဲမှုအများဆုံး ကဏ္ဍငါးခုထဲ ပါဝင်လာခဲ့သည်။[၁] ထိုကဏ္ဍများတွင် လျှပ်စစ်နှင့်စွမ်းအင်၊ ကာကွယ်ရေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ ဒေသန္တရအစိုးရများသို့ လွှဲပြောင်းသည့်ဘဏ္ဍာ စသည်တို့ပါဝင်ပါသည်။ ထိုသို့ ပညာရေးတွင်ဘတ်ဂျက်တိုးမြှင့်လိုက်သောကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ/မအသစ်များ ခန့်အပ်ခြင်းနှင့် ဆရာ/မများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းများကို ပြုလုပ်နိုင်ခဲ့သည်။ထို့အပြင် မသင်မနေရ အခမဲ့အခြေခံပညာရေးကို စတင် အကောင်အထည်ဖော်ခဲ့ပြီး ကျောင်းနှင့်ပတ်သက်သော အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံခြင်းတို့ကိုလည်း လုပ်ဆောင်လာနိုင်စေခဲ့သည် (အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP)၊ ၂၀၁၆-၂၀၂၁)။

အစိုးရအနေဖြင့် ယခုကဲ့သို့ပညာရေးကို မြှင့်တင်ရန် ကနဦးခြေလှမ်းများနှင့် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပြီဖြစ်သော်လည်း အခြားတစ်ဖက်တွင် အကန့်အသတ်ရှိသော ပညာရေးအသုံးစရိတ်၊ တန်းတူညီမျှမှုမရှိသော ပညာရေးအရည်အသွေး၊ သာတူညီမျှဖြစ်စေမှုနှင့် အားလုံးပါဝင်နိုင်မှုနှင့်ဆိုင်သည့် အားနည်းချက်များကဲ့သို့ အခက်အခဲစိန်ခေါ်မှုများလည်း ရှိနေသည်။ အစိုးရ၏ ပညာရေးအသုံးစရိတ်နှင့် ပတ်သက်၍ အထက်တွင် ဖော်ပြထားသကဲ့သို့ တိုးမြင့်လာခဲ့သော်လည်း ၂၀၁၁/၂၀၁၂ မှစ၍ အမှန်တကယ်သုံးစွဲနိုင်သည့် ပညာရေးအသုံးစရိတ် (Budget Execution) တွင်မူ သိသိသာသာ တိုးတက်ခဲ့ခြင်း မရှိခဲ့ပါ။ ၂၀၁၄/၂၀၁၅ မှစ၍ ပညာရေးဝန်ကြီးဌာန၏ အမှန်တကယ်သုံးစွဲမှုနှုန်းသည် ကျဆင်းလာကြောင်း လေ့လာသုံးသပ်နိုင်သည်။ အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့က ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက် အချိုးအစားအများစုကို သုံးစွဲကြပြီး ၂၀၁၇/၂၀၁၈ ခုနှစ်များတွင် ပညာရေးဝန်ကြီးဌာန အသုံးစရိတ်စုစုပေါင်း၏ ၁၆% နှင့် ၈၀% အသီးသီးသုံးစွဲကြသည်။ ပညာရေးဝန်ကြီးဌာနက မျှော်မှန်းသည်ထက်လျှော့သုံးမှုနှုန်း (Underspending) ၏ ရာခိုင်နှုန်းအများစုဖြစ်သော ၄၂% အတွက် အဆင့်မြင့်ပညာဦးစီးဌာနသည်မှ တာဝန်ရှိပြီး အမှန်တကယ်သုံးစွဲမှုနှုန်းမှာ ၂၀၁၆/၂၀၁၇ ခုနှစ်များတွင် ၇၈% နှင့် ၂၀၁၇/၂၀၁၈ ခုနှစ်များတွင် ၈၆% ရှိခဲ့သည်။ အခြားတစ်ဖက်တွင်မူ အခြေခံပညာဦးစီးဌာနသည် ၁၈% သော ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းသည်ထက်လျှော့သုံးမှုနှုန်း (Underspending) ၏ အတွက်တာဝန်ရှိခဲ့ပြီး  အမှန်တကယ် သုံးစွဲမှုနှုန်းမှာ ပျမ်းမျှအားဖြင့် ၁၀၀% နီးပါးရှိခဲ့သည်။ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာန စုစုပေါင်းအသုံးစရိတ်၏ ၄% အောက်သာ သုံးစွဲခဲ့သော်လည်း

---

၁ ဖော်ပြပါအချက်များကို ၂၀၁၈ မြန်မာနိုင်ငံပညာရေး အကျဉ်းချုပ်မှ ထုတ်နုတ်ထားပါသည်။
https://www.unicef.org/myanmar/media/1901/file/Myanmar%202018%20Education%20Budget%20Brief.pdf

ပညာရေးဝန်ကြီးဌာန၏ တတိယအများဆုံး မျှော်မှန်းသည်ထက်လျော့သုံးမှုနှုန်းအတွက် တာဝန်ရှိသည်။ ခြုံကြည့်လျှင် ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးမှုတိုင်းတာချက်အရ ၂၀၁၁-၂၀၁၇ အတွင်း မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်သည် အာဆီယံနိုင်ငံများထဲတွင် အနိမ့်ဆုံးဖြစ်နေသေးကြောင်း တွေ့ရသည် (UNICEF, 2018)။

သမိုင်းအရ မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် ဝေဖန်စဉ်းစားတွေးခေါ်ခြင်းအစား အလွတ်ကျက်မှတ်သည့်ပုံစံကို ဦးစားပေးသည့် စနစ်ဖြစ်သည်။ ကျောင်းသား/သူများ၏ တတ်မြောက်မှုကို စစ်ဆေးရာတွင်လည်း အလွတ်ကျက်ထားသော အကြောင်းအရာ၊ အချက်အလက်များကိုသာ အခြေပြုစစ်ဆေးကြသည်။ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင်လည်း ဗမာ့သမိုင်းနှင့် ယဉ်ကျေးမှုကို ဦးစားပေးထည့်သွင်းထားပြီး အခြားသောလူမျိုးစုများ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းတို့ကိုမူ ထည့်သွင်းသင်ကြားခြင်း မရှိပေ။ ထို့အပြင် သင်ရိုးညွှန်းတမ်းများတွင် ခွဲခြားဖိနှိပ်ခြင်းသဘောဆောင်သော ဘာသာစကား အသုံးပြုမှုနှင့် သင်ခန်းစာများ ပါဝင်နေသည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ်တွင် အလယ်တန်းသင်ရိုးညွှန်းတမ်း၌ 'သွေးနှောတာ ငါတို့မုန်း လူမျိုးအညွှန့်တုံး' ဟူသော လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားသည့် အသုံးအနှုန်းများ ပါဝင်နေသည်ကို အရပ်ဘက်အဖွဲ့အစည်း ၁၀၀ က လက်မှတ်ရေးထိုးပြီး အိတ်ဖွင့်စာပေးပို့ခဲ့သည် (Aung, 2018)။[၂]

ဝေဖန်စဉ်းစားတွေးခေါ်မှုနှင့် အပြန်အလှန်သင်ယူမှုကို အခြေပြုသော ပညာရေးစနစ်တစ်ရပ်ဖြစ်ပေါ်ရန် အစိုးရသည် ၂၀၁၆/၂၀၁၇ ပညာသင်နှစ်မှစ၍ သင်ရိုးညွှန်းတမ်း ပြောင်းလဲပြင်ဆင်မှုများ စတင်ခဲ့သည်။ ထိုသင်ရိုးအသစ်တွင် ၂၁ ရာစု စွမ်းရည်များကို အထူးပြုထည့်သွင်းထားပြီး သင်ယူမှု၏အယူအဆများ၊ ပြဿနာဖြေရှင်းခြင်း၊ ဗဟုသုတများ၏နောက်တွင်ရှိသည့် အခြေခံသဘောတရားများနှင့် ဆင်ခြင်တုံတရားများ တိုးတက်လာစေရန် ရည်ရွယ်ပါသည် (အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (NESP)၊ ၂၀၁၆-၂၀၂၁)။ စနစ်သစ်အရ ဖတ်စာများတွင် ပြည်သူ့နီတိ၊ ဒီမိုကရေစီ၊ အခြေခံလူ့အခွင့်အရေးများကို အနည်းအကျဉ်း ပြဋ္ဌာန်းထားပြီဖြစ်သော်လည်း လူမျိုးရေး၊ ဘာသာရေးနှင့် အခြားသော လူနည်းစုများအား ခွဲခြားဆက်ဆံမှုစသည့်ပြဿနာများကို ဖြေလျော့စေရန်ရည်ရွယ်သည့် သင်ခန်းစာများ မပါဝင်သေးပါ။

သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှု ရှုထောင့်မှကြည့်လျှင် အတန်းပညာမပြီးခင် ကျောင်းထွက်နှုန်း ကွာခြားချက်သည်လည်း နောက်ထပ် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသေးသည်။ ထိုကျောင်းထွက်နှုန်းတွင် ဝေးလံခေါင်ဖျားဒေသမှ ကျောင်းသား/သူများ၊ မသန်စွမ်းသူများ၊ လူနည်းစုဖြစ်သော ကျောင်းသား/သူများ အများဆုံးပါဝင်ကြောင်း တွေ့ရသည်။ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (DERPT) ပြောကြားချက်အရ ထိုကွာခြားချက်ကို မြို့ပေါ်နှင့် ကျေးလက်ဒေသကြား ကျောင်းထွက်နှုန်းတွင် တွေ့နိုင်ကြောင်း သိရသည်။ ဥပမာအားဖြင့် DERPT မှ ကောက်ယူထားသော အချက်အလက်များအရ ၂၀၁၄/၂၀၁၅ တွင် ကျေးလက်ဒေသရှိ မူလတန်းမပြီးခင် ကျောင်းထွက်သူ ကျောင်းသား/သူဦးရေသည် ၈၀.၇% ရှိပြီး မြို့ပေါ်ဒေသတွင် ၆၃.၆% ရှိသည် (MOE, 2018)။ မူလတန်းနှင့် အလယ်တန်းဆင့် ပညာရေးတွင်လည်း အထက်ပါအတိုင်းပင် ကျေးလက်ဒေသ၌ ကျောင်းထွက်နှုန်းပိုများကြောင်း တွေ့ရသည်။ မသန်စွမ်းကလေးများတွင် ကျောင်းထွက်နှုန်းအများဆုံး ဖြစ်သည် (MOE, 2018)။ UNICEF မှ ပြုလုပ်သော မသန်စွမ်းကလေးငယ်များ၏ အခြေအနေ သုံးသပ်ချက်အရ ၆၇% သော မသန်စွမ်းကလေးများမှာ ကျောင်းပညာရေး မရရှိကြောင်း ထုတ်ပြန်ထားသည် (UNICEF, 2016)။

လူနည်းစု တိုင်းရင်းသားကလေးငယ်များအတွက် အတန်းပညာတက်ရောက်ရန် အတားအဆီး ဖြစ်နေသည့် အရာများထဲတွင် ဘာသာစကားသည် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာ့ပညာရေးမြှင့်တင်မှု လက်တွဲဆောင်ရွက်ရေးအဖွဲ့၏ အထူးပြု လေ့လာချက်အရ မြန်မာစကား မပြောတတ်ခြင်းသည် တိုင်းရင်းသားလူနည်းစုဖြစ်သော ကလေးများအတွက် အစိုးရကျောင်း တက်ရောက်ရန် အဓိကကျသော အခက်အခဲတစ်ခုဖြစ်ကြောင်း သိရသည် (Dantdalun, 2015)။ ပညာရေးပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ကျောင်းတွင် တိုင်းရင်းသားဘာသာစကားကို သင်ကြားခွင့်ပြုထားသော်လည်း ထိုအတန်းများကို ကျောင်းစာသင်ချိန်ပြင်ပအချိန်များတွင်သာ သင်ကြားလျက်ရှိသည်။ တိုင်းရင်းသားဘာသာစကား သင်ကြားရန်အတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်မှာ ဆရာ/မများ၏ လစာနည်းပါးခြင်းဖြစ်သည်။ တိုင်းရင်းသားဘာသာစကား သင်ကြားသူ

၂ ၂၀၁၉ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနသည် ထိုအသုံးအနှုန်းကို လောကနီတိဘာသာရပ်မှ ဖယ်ထုတ်ရန် အမိန့်ထုတ်ပြန်ခဲ့သည် (Irrawaddy, 2019)။


ဆရာ/မများကို ပေးသော လစာမှာ တစ်လလျှင် ကျပ် ၃၀,၀၀၀ သာ ရှိသည် (Salem-Gervais & Raynaud, 2019)။

**အကျဉ်းချုပ်အားဖြင့် ယခုကဲ့သို့ ပညာရေးအသုံးစရိတ် မြှင့်တင်ခြင်း၊ ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို လက်ရှိအစိုးရလက်ထက်တွင်သာမက ယခင်အစိုးရလက်ထက်တွင်လည်း အကောင်အထည်ဖော်ခဲ့ကြောင်း တွေ့နိုင်သည်။ သို့သော် ပညာရပ်ပိုင်းဆိုင်ရာ လေ့လာသုံးသပ်ချက်များအရ အားလုံးပါဝင်နိုင်မှုအပိုင်းကိုမူ ပြင်ဆင်မွမ်းမံရန် လိုအပ်သေးကြောင်း အကြံပြုထားသည်။**

## မြန်မာနိုင်ငံရှိ ပညာရေးတည်ဆောက်ပုံ

လက်ရှိ မြန်မာနိုင်ငံ၏ အခြေခံပညာရေးစနစ်မှာ မူလတန်းအဆင့်ပညာရေးတွင် ၅ နှစ် (သူငယ်တန်းမှ စတုတ္ထတန်းအထိ)၊ အလယ်တန်းအဆင့် ပညာရေးအတွက် ၄ နှစ် (ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ)နှင့် အထက်တန်းအဆင့် ပညာရေး ၂ နှစ် (နဝမတန်းမှ ဒသမတန်းအထိ) ဖြစ်သည်။ အခြေခံပညာရေးဥပဒေ (၂၀၁၄) အရ အခြေခံပညာအတန်းများကို KG+၁၂ ဆိုသည့် အတိုင်း ဆယ့်သုံးနှစ်အထိ တိုးချဲ့သွားမည်ဖြစ်သည်။ KG တစ်နှစ်၊ မူလတန်းတွင် ငါးနှစ် (ပထမတန်းမှ ပဉ္စမတန်းအထိ)၊ အလယ်တန်းအဆင့်တွင် လေးနှစ် (ဆဋ္ဌမတန်းမှ နဝမတန်းအထိ)၊ အထက်တန်းတွင် သုံးနှစ် (ဒသမတန်းမှ ဒွါဒသမတန်းအထိ) စုစုပေါင်း ၁၃ နှစ် ကြာမြင့်မည်ဖြစ်သည်။ အသေးစိတ်ကို အောက်ဖော်ပြပါ ပုံ-၁ တွင်ရှုပါ။

ပုံ (၁) လက်ရှိ အခြေခံပညာရေးနှင့် ၁၃ နှစ်ကြာမြင့်သော အခြေခံပညာရေးစနစ် နှိုင်းယှဉ်ချက်




အစိုးရကျောင်းများအပြင် နိုင်ငံလုံးဆိုင်ရာ စံသတ်မှတ်ချက်ဖြစ်သည့် KG + ၁၂ စနစ်ကို လိုက်နာသည့် အခြားသော ပုဂ္ဂလိက ကျောင်းများ၊ ဘုန်းတော်ကြီးပညာသင်ကျောင်းများ၊ ရွှေလျားစာသင်ကျောင်းများ၊ ပရဟိတကျောင်းများ၊ အစိုးရထောက်ပံ့ငွေဖြင့် တည်ထောင်ထားသော ကျောင်းများ၊ အထူးပညာရေးကျောင်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ကျောင်းများအားလုံးကို အခြေခံပညာရေးဥပဒေ (၂၀၁၄)အရ ဖွဲ့စည်းထားသော အခြေခံကျောင်းများအဖြစ် သတ်မှတ်သည်။ သို့သော် ထိုဥပဒေတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အုပ်ချုပ်သောဒေသမှ လူမျိုးစုအတွက် ဖွင့်လှစ်ထားသော ပညာရေးအား အသိအမှတ်ပြု/မပြုကိုမူ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိချေ။ မည်သို့ပင်ဆိုစေကာမူ အာရှဖောင်ဒေးရှင်း (၂၀၁၆) ၏ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားဒေသများရှိ ပညာရေးအပေါ် လေ့လာသုံးသပ်ချက်အရ တိုင်းရင်းသား ပညာရေးသည် ရပ်ရွာအခြေပြုစာသင်ကျောင်း သို့မဟုတ် တိုင်းရင်းသားဒေသအခြေပြု စာသင်ကျောင်းများအဖြစ် အကျုံးဝင်ပြီး

ထိုကျောင်းများအတွက် ရံပုံငွေက ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဌာနအပါအဝင် အလှူငွေနှင့် အခြားသော လူထုအထောက်အပံ့များဖြင့် ဇာတ်ကောင်အမျိုးမျိုးက ပံ့ပိုးထားသည် (Jolliffe & Mears, 2016)။

## ကျောင်းများတွင် လူမှုရေးအရ အားလုံးပါဝင်နိုင်မှု၏ အရေးပါမှုများ

ယနေ့ခေတ်တွင် ကျောင်းများကို အသိပညာဗဟုသုတများ၊ လူမှုရေးဆိုင်ရာ အခန်းကဏ္ဍ၊ စံတန်ဖိုးများ၊ စံသတ်မှတ်ချက်များကို မွေးထုတ်ပေးသည့် နေရာတစ်ခုအဖြစ် လက်ခံထားကြသည်သာမက တန်းတူညီမျှမှု၊ အားလုံးပါဝင်နိုင်မှု၊ ဂုဏ်သိက္ခာနှင့် လူမှုရေးဆိုင်ရာတရားမျှတမှု စသည်တို့ကို အစပြုပျိုးထောင်ပေးသည့် ပင်မအဖွဲ့အစည်းတစ်ခုအဖြစ် မြင်လာကြပြီဖြစ်သည်။ တရားမျှတပြီးဖွံ့ဖြိုးသော လူ့ဘောင်တစ်ရပ် တည်ဆောက်ရန်အတွက် ပြည်သူများသည် ကောင်းမွန်သောပညာရေး ရရှိရန် လိုအပ်သည်။ ကောင်းမွန်သောပညာရေးဆိုသည်မှာ လူ့အခွင့်အရေးကို လေးစားတတ်စေရန်၊ ငြိမ်းချမ်းရေးကို တန်းဖိုးထားတတ်စေရန်၊ ကျား/မ တန်းတူညီမျှမှုရှိစေရန် ဖော်ဆောင်ပေးသော ပညာရေးတစ်ရပ်ကို ဆိုလိုပါသည် (Netragaonkar, 2011)။ လူ့အခွင့်အရေး အသိပညာများသည် ယခုဖြစ်ပွားနေသော လူ့အခွင့်အရေးဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းနိုင်ရန် နည်းလမ်းတစ်ခုဖြစ်ကြောင်း ထောက်ပြသည်များလည်း ရှိသည် (Jayakumar, 2007)။ ကမ္ဘာ့ကုလသမဂ္ဂ ထုတ်ပြန်ချက်အရ လူ့အခွင့်အရေး အသိပညာများသည် အတတ်ပညာများသင်ယူနေစဉ် ကမ္ဘာတဝှမ်း လူ့အခွင့်အရေး လေးစားလိုက်နာသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်လာစေရန် အားပေးမြှင့်တင်ပြီး လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်၊ နားလည်သည်းခံနိုင်မှု၊ ငြိမ်းချမ်းရေးနှင့် တန်းတူညီမျှမှုတို့ကို လေးစားတက်သော စိတ်နေစိတ်ထားကို မွေးမြူပေးသည့် ပညာတစ်ရပ်ဟု အနက်ဖွင့်ထားသည်။


ကလေးသူငယ်အခွင့်အရေး သဘောတူညီချက်စာချုပ်၏ အပိုဒ် ၂၉ အရ ကျောင်းသည် (၁) ကလေးတစ်ဦးချင်းအား ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်၊ (၂) လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်ကို လေးစားနားလည်စေရန်၊ (၃) မိမိ၏ဖြစ်တည်မှုကို လေးစားတတ်စေရန်၊ (၄) အများ၏အခွင့်အရေးကို လေးစားသော တာဝန်သိနိုင်ငံသားတစ်ယောက် ဖြစ်စေရန်နှင့် (၅) သဘာဝပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားတတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်။ ကျောင်းတွင် လူ့အခွင့်အရေးအား ထည့်သွင်းသင်ကြားခြင်းသည် အနိုင်ကျင့်မှုနှင့် အခြားအပျက်သဘောဆောင်သော အပြုအမူများကို လျော့ကျစေပြီး ကျောင်းသား/သူများနှင့် ၎င်းတို့၏အသိုင်းအဝိုင်းအတွင်း ပျော်ရွှင်စဖွယ်ကောင်း၍ တရားမျှတသော ကျောင်းယဉ်ကျေးမှုတစ်ခု ဖြစ်ပေါ်စေလိမ့်မည်ဟု လက်ခံထားကြသည် (Wales Equality and Human Rights Commission, 2016)။ ဤနည်းအားဖြင့် ကျောင်းသား/သူများသည် ၎င်းတို့၏အခွင့်အရေးနှင့် တာဝန်များကို နားလည်လာမည်ဖြစ်ပြီး လူမှုရေးပြဿနာများကိုလည်း ပိုမိုသိလာမည်ဖြစ်သည်။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ ပြောဆိုချက်အရ ကျောင်းများတွင် လူ့အခွင့်အရေး သင်ကြားခြင်းသည် ပိုမိုကျယ်ပြန့်၍ တရားမျှတသော၊ ခွဲခြားဆက်ခံခြင်းမရှိသော၊ အားလုံးပါဝင်ဆောင်ရွက်နိုင်သော ရပ်ဝန်းတစ်ခု ဖြစ်စေလိမ့်မည်။ ဤနည်းအားဖြင့် ငြိမ်းချမ်း၍ တရားမျှတသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်သည်ဟု ဆိုထားသည် (Amnesty, n.d.)။

၄ OHCHR, (n.d). ကလေးသူငယ်များအခွင့်အရေးစာချုပ်။ https://www.ohchr.org/en/professionalinterest/pages/crc.aspx မှ ယူထားသည်။

# ကရင်ပြည်နယ်၏ နောက်ခံအခြေအနေ

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ အဓိကအားဖြင့် ကရင်လူမျိုးစုများဖြစ်သည့် ပိုးကရင်၊ စကောကရင်၊ ဘွဲ့ကရင်၊ ပကူးကရင် စသည့်လူမျိုးများ နေထိုင်ကြပြီး အခြားသော လူမျိုးစုများဖြစ်သည့် ပအို့ဝ်၊ ဗမာ၊ မွန်၊ ကချင်၊ ကယား၊ ရှမ်းလူမျိုးများလည်း နေထိုင်ကြသည်။ မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးဖြစ်သည့် ဗမာလူမျိုးသည် ကရင်ပြည်နယ်အတွင်း ဒုတိယအများဆုံး လူမျိုးစုဖြစ်သည် (UNHCR, 2014)။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) က ထုတ်ပြန်ထားသော ကရင်ပြည်နယ်အတွင်းရှိ လူမျိုးစုရာခိုင်နှုန်းကို သိရန် အောက်ဖော်ပြပါ ပုံ-၂ ကို ကြည့်ပါ။

ပုံ (၂) ကရင်ပြည်နယ်ရှိ မျိုးနွယ်/လူမျိုး ဖွဲ့စည်းပုံ




ကရင်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင် ၈၄.၅%၊ ခရစ်ယာန်ဘာသာဝင် ၉.၅%၊ အစ္စလာမ်ဘာသာဝင် ၄.၆%၊ ဟိန္ဒူဘာသာဝင် ၀.၆%၊ နတ်ကိုးကွယ်သူ ၀.၁% နှင့် အခြားဘာသာဝင် ၀.၇% ရှိသည် (လူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်း၊ ၂၀၁၄) (ပုံ-၃ ကိုရှုပါ)။ ဖော်ပြပါအချက်အလက်များသည် စာရင်းကောက်ယူထားသောလူဦးရေသာ ဖြစ်သည်။ စာရင်းကောက်ယူခြင်း မရှိသော ဒေသများတွင် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ပါဝင်သည်။ ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်အတွင်း စာရင်းကောက်ယူခြင်းမရှိသော လူဦးရေမှာ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုအဆင့် လူဦးရေရာခိုင်နှုန်းကို ပြောင်းလဲစေလောက်သော ပမာဏမရှိကြောင်း သိရသည်။ သို့သော် ထို စာရင်းကောက်ယူခြင်းမရှိသော လူဦးရေမှာ ၁.၀၉ သန်းခန့် ရှိနေနိုင်သည်။


၁၉၄၉ ခုနှစ်ကတည်းက စတင်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် မြန်မာ့တပ်မတော်ကြား ပဋိပက္ခဖြစ်ပွားမှုများကြောင့် ကရင်ပြည်နယ်သည် မြန်မာနိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားမှု အများဆုံးဒေသများတွင် တစ်ခုအပါအဝင် ဖြစ်လာခဲ့သည်။ ၎င်း၏အကျိုးဆက်များအဖြစ် ကရင်ပြည်နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းတို့မှာ ဆိုးရွားစွာထိခိုက်ခဲ့သည် (UNHCR, 2014)။ ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်၏ စာတတ်မြောက်နှုန်းသည် ၇၄.၄% သာရှိပြီး ပြည်ထောင်စုအဆင့် စာတတ်မြောက်နှုန်း ၈၉.၅% အောက်တွင် ရှိနေသည်။ မသန်စွမ်းသူဦးရေမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၆.၆% ရှိပြီး ၄.၆% မှာ

အနည်းဆုံး ချို့ယွင်းမှုတစ်ခုရှိနေသည့် မသန်စွမ်းများဖြစ်သည် (လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်း၊ ၂၀၁၄)။ ကရင်ပြည်နယ်တွင် ပဋိပက္ခဖြစ်ပွားမှု အကျိုးဆက်အနေဖြင့် မြေမြှုပ်မိုင်းများ၊ ဖွံ့ဖြိုးမှုနှေးသော၊ ညံ့ဖျင်းသော အခြေခံ အဆောက်အအုံများနှင့် လူမှုဝန်ဆောင်မှုများ၊ လယ်ယာမြေသိမ်းယူမှုများနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ စသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသည် (UNHCR, 2014)။

လက်နက်ကိုင်ပဋိပက္ခများအပြင် ခရစ်ယာန်ဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်များအကြား ဘာသာရေး တင်းမာမှုများရှိနေသော ပြည်နယ်တစ်ခုလည်းဖြစ်သည်။ အသေးစိတ်အားဖြင့် ဆရာတော်ဦးသုဇာ ဦးဆောင်၍ ခရစ်ယာန်ဘုရားကျောင်းနှင့် ဗလီဝင်းများအတွင်း ဘုရားစေတီဆောက်လုပ်ခြင်းများ ပြုလုပ်ခဲ့သည်။[၄] ထိုဖြစ်ရပ်အပေါ် လူထုဝေဖန်မှုများစွာရှိခဲ့သည့်အပြင် ၎င်းဖြစ်ရပ်သည် ကရင်ပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်နှင့် ခရစ်ယာန်ဘာသာဝင်တို့၏ သဟဇာတဖြစ်နေသော အခြေအနေကို ထိခိုက်စေခဲ့ကြောင်း သုံးသပ်ခဲ့ကြသည် (Burma News International, 2016)။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ ပြောဆိုချက်အရ ကရင်ပြည်နယ်အတွင်း အချို့ဒေသများတွင် အစ္စလာမ်ဘာသာဝင်များအပေါ် ခွဲခြားဆက်ဆံမှုများရှိကြောင်း သိရသည် (KHRG, 2014)။ ဥပမာအားဖြင့် သံဃာများသည် ဗုဒ္ဓဘာသာဝင်နှင့် အစ္စလာမ်ဘာသာဝင်များအကြား အပြန်အလှန်ဆက်သွယ်မှုကို တားဆီးရန် အများပြည်သူသုံး နေရာများတွင် စည်းမျဉ်းဥပဒေလေးရပ်ကို ထုတ်ပြန်ကြေညာမှုများ ရှိခဲ့သည်။ ထိုစည်းမျဉ်းဥပဒေလေးရပ်မှာ (၁) အစ္စလာမ်ဘာသာဝင်များကို လယ်ယာ၊ သစ်သီးခြံများ မရောင်းရန် ကန့်သတ်ခြင်း၊ (၂) ဗုဒ္ဓဘာသာဝင်များ အစ္စလာမ်ဘာသာဝင်များနှင့် ထိမ်းမြားခြင်းမပြုရန် တားမြစ်ခြင်း၊ (၃)


**ပုံ (၃)** ကရင်ပြည်နယ်ရှိ ဘာသာရေး ဖွဲ့စည်းပုံ




**ရင်းမြစ် –** ၂၀၁၄ ခုနှစ် မြန်မာ့လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကရင်ပြည်နယ်အစီရင်ခံစာ

၄ ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် လှိုင်းဘွဲ့မြို့နယ် ခွန်းတော်ကြီးရွာရှိ ခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း ဘုရားတစ်ဆူတည်ခဲ့သည်။
၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ဘားအံမြို့နယ် မိဇ္ဇရွာရှိ ခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း ဘုရားတစ်ဆူတည်ခဲ့သည်။ (Burma News International, 2016)

ပုံ (၄) ခရိုင်နှင့် မြို့နယ်အလိုက် တင်ပြထားသော ကရင်ပြည်နယ်မြေပုံ




**ရင်းမြစ်** – ၂၀၁၄ ခုနှစ် မြန်မာ့လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကရင်ပြည်နယ်အစီရင်ခံစာ

အစ္စလာမ်ဘာသာဝင်များ၏ ဈေးဆိုင်များတွင် ရောင်းဝယ်ခြင်းမပြုရန်၊ ဗုဒ္ဓဘာသာဝင် ဈေးဆိုင်များတွင်သာ အားပေးရန်၊ (၄) ဗုဒ္ဓဘာသာဝင်များအား ၎င်းတို့၏နာမည်သုံး၍ အစ္စလာမ်ဘာသာဝင်များ၏ ဈေးဆိုင်မှ ပစ္စည်းများမဝယ်ရန် တားမြစ်ခြင်းတို့ ဖြစ်သည် (KHRG, 2014)။ အကျိုးဆက်အားဖြင့် အစ္စလာမ်ဘာသာဝင်များ၏ ဆိုင်များမှ ပုံမှန်ဖောက်သည်များသည် ဆက်လက် အားမပေးတော့ကြောင်း သိရသည်။ တစ်ဖက်တွင် လည်း ယခုကဲ့သို့ ဘာသာရေးအရ ခွဲခြားဆက်ဆံမှုများ တိုက်ဖျက်ရန် သံဃာတော်များ၊ လက်နက်ကိုင်အဖွဲ့များ အပါအဝင် ဒေသခံခေါင်းဆောင်များ၏ ကြိုးပမ်းမှုများကို တွေ့ရသည် (KHRG, 2014)။

ကရင်ပြည်နယ်ရှိ ဒေသအများစုတွင် လူ့အခွင့်အရေးပြဿနာများသည် ဆွေးနွေးရန်အတွက် အကဲဆတ်သည့် အကြောင်းအရာ များဖြစ်ပြီး အစိုးရကျောင်းပညာရေးတွင် ထိုကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခြင်း မရှိကြပေ။ ထို့ကြောင့် ခွဲခြားဆက်ဆံမှုကို ဖြစ်စေသော အတွေးအခေါ်များ၊ အပြုအမူများသည် နေထိုင်ရာပတ်ဝန်းကျင်မှ အထူးသဖြင့် ကျောင်းပတ်ဝန်းကျင်တွင် အမြစ် တွယ်လျက်ရှိသည်ဟု ယူဆနိုင်သည်။

# သုတေသနရည်ရွယ်ချက်၊ လေ့လာမှုပုံစံနှင့် နည်းနာ

ဤသုတေသနအားဖြင့် (၁) ကျောင်းများရှိ ဆရာ/မများနှင့် ကျောင်းသား/သူများ လူမှုရေးအရ အားလုံးပါဝင်နိုင်မှုအပေါ် ထားရှိသော သဘောထားများကို လေ့လာဖော်ထုတ်ရန်၊ (၂) ကျောင်းတွင် မတူကွဲပြားမှုနှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာ ကိစ္စရပ်များကို တုံ့ပြန်ဖြေရှင်းရန် လက်ရှိအချိန်တွင် လုပ်ဆောင်နေသောအရာများ ရှိမရှိနှင့် (၃) ကရင်ပြည်နယ်အတွင်း ကျောင်းများတွင် လူမှုရေးအရ အားလုံးပါဝင်မှုအတွက် လုပ်ဆောင်ချက်များနှင့် အပြုအမူများအတွက် အတားအဆီးဖြစ်နေသည့် အရာများကို ဖြေရှင်းနိုင်မည့်အခွင့်အရေးများကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ ဤရည်ရွယ်ချက်များကို ရရှိနိုင်ရန် ဆရာ/မများနှင့် ကျောင်းသား/သူများ၏ အတွေ့အကြုံနှင့် ခွဲခြားဆက်ဆံမှုဖြစ်စေသော အပြုအမူများကို လေ့လာခြင်း၊ ကျောင်းတွင် ခွဲခြားဆက်ဆံမှုများ မည်သို့ဖြစ်ပေါ်လာပုံ၊ ဆရာ/မများအနေဖြင့် ထိုပြဿနာများကို မည်သို့ဖြေရှင်းကြပုံ စသည်တို့ကို သုံးသပ်သွားမည်ဖြစ်သည်။ ဆရာ/မနှင့် ကျောင်းသား/သူ နှစ်ဖက်လုံး၏ ယူဆချက်အမြင်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ သုတေသနစာတမ်း ပြုစုသူအနေဖြင့်လည်း ကျောင်းတွင် တန်းတူညီမျှမှု၊ အားလုံးပါဝင်နိုင်မှုနှင့် သက်ဆိုင်သော ကိစ္စများကို ဖြေရှင်းရန် အစပျိုးလုပ်ငန်းစဉ်များ ရှိ/မရှိကို လေ့လာမည် ဖြစ်သည်။ ထို့ပြင် ကျောင်း၏ လွှမ်းမိုးနိုင်မှုအတိုင်းအတာ/လုပ်ပိုင်ခွင့်များ/တာဝန်ဝတ္တရားများကိုလည်း စူးစမ်းအားဖြင့် အားလုံးပါဝင်နိုင်မှုမြှင့်တင်ရန် မည်သို့လုပ်ဆောင်နိုင်ကြောင်း၊ မည်သည့်အခွင့်အလမ်းများရှိကြောင်း လေ့လာမည်ဖြစ်သည်။

ကရင်ပြည်နယ်ရှိ ကျောင်းများ၌ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုကို သိရှိနိုင်ရန် အရေးအတွက်ဆိုင်ရာ အချက်အလက်စိစစ်လေ့လာခြင်းနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ကျောင်း ခုနစ်ကျောင်းရှိ ကျောင်းသူ/သားများနှင့် ဆရာ/မများအား စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆက်စပ်သော အစီရင်ခံစာများ/သုတေသနစာပေများအားဖြင့် လက်ရှိ ကရင်ပြည်နယ်ရှိ ခွဲခြားဆက်ဆံမှုများနှင့် လက်ခံနိုင်မှုများကို လေ့လာခဲ့သည်။ ထို့အပြင် အရည်အသွေးဆိုင်ရာ အချက်အလက်စိစစ်လေ့လာခြင်းအားဖြင့် ကျောင်းများတွင်း ဗဟိုချုပ်ကိုင်မှုမရှိသော သင်ရိုးများဖန်တီးခြင်း၊ ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ခြင်းနှင့် အားလုံးပါဝင်နိုင်မှုများအား ပုံမှန်အရာတစ်ခုဖြစ်လာစေရန် မူဝါဒဆိုင်ရာ ကွာဟနေမှုများအား လျှော့ချနိုင်မည့် အခွင့်အလမ်းများကို သိရှိနိုင်ရန် လေ့လာခဲ့ပါသည်။ အုပ်စုဖွဲ့ဆွေးနွေးခြင်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများကို ဆရာ/မ၊ ကျောင်းသူ/သားများနှင့် ပြုလုပ်ခဲ့ပြီး ကျောင်းအုပ်ကြီးနှစ်ဦးအပါအဝင် ကျောင်းတာဝန်ခံတစ်ဦးနှင့်လည်း မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။


### လေ့လာမှု အတိုက်အဝန်း

ဤသုတေသနကို ကရင်ပြည်နယ်ရှိ အလယ်တန်းကျောင်း ဆရာ/မများနှင့် အသက် ၁၁-၁၄ နှစ်အရွယ် ဆဋ္ဌမတန်း/ သတ္တမတန်း ကျောင်းသား/သူများကို ဦးတည်၍ ပြုလုပ်ခဲ့သည်။ ကရင်ပြည်နယ်သည် မြို့နယ် ခုနစ်ခု၊ ခရိုင် လေးခု (ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်)နှင့် ဖွဲ့စည်းထားသည်။ ဦးတည်အုပ်စုများမှာ ထိုမြို့နယ်ခုနစ်မြို့နယ် (ဘားအံ၊ ဖာပွန်၊ လှိုင်းဘွဲ၊ မြဝတီ၊ ကော့ကရိတ်၊ သံတောင်ကြီးနှင့် ကြာအင်းဆိပ်ကြီး)မှ တစ်မြို့နယ်လျှင်တစ်ကျောင်း ရွေးချယ်ထားခြင်းဖြစ်သည်။ ထိုကျောင်း ခုနစ်ကျောင်းကို ကျောင်းသား/သူများ၏ မတူကွဲပြားမှုရှိနိုင်ခြေအပေါ် အခြေခံထားသည့်အပြင် ဒေသတွင်း လုပ်အားပေးသူများ၏ အကြံပြုချက်အရ ရွေးချယ်ထားခြင်းဖြစ်သည်။

### နမူနာကောက်ယူခြင်းနှင့် နမူနာအရွယ်အစား

အချက်အလက်စုဆောင်းခြင်းအတွက် တစ်မြို့နယ်လျှင် တစ်ကျောင်းနှုန်းဖြင့် ရွေးချယ်ထားပြီး တစ်ကျောင်းလျှင် ကျောင်းသား/သူ ၃၀ ဦးခန့် (စုစုပေါင်း ၂၀၅ ဦး)ကို စစ်တမ်းကောက်ယူခဲ့သည်။ ၎င်းတို့ထဲမှ ကျောင်းသား/သူ ၇၀ ဦး (တစ်ကျောင်းလျှင် ၁၀ ဦးနှုန်း)ကို အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်စေခဲ့သည်။ ကျောင်းတစ်ကျောင်းစီမှ အလယ်တန်းဆရာ/မ ၅ ဦး(စုစုပေါင်း၃၅ဦး)ကိုစစ်တမ်းကောက်ယူပြီးအဖွဲ့လိုက်ဆွေးနွေးမှုများတွင်လည်းပါဝင်စေခဲ့သည်။စစ်တမ်းကောက်ထားသော

ပုံ (၅) စစ်တမ်းကောက်ယူခဲ့သော ကျောင်းသားများ၏ ကိုးကွယ်ယုံကြည်မှု




ကျောင်းသား/သူများတွင် အများစုမှာ ဗုဒ္ဓဘာသာဝင် ၇၃.၄% ဖြစ်ပြီး ခရစ်ယာန်ဘာသာဝင် ၁၅.၈%၊ အစ္စလာမ်ဘာသာဝင် ၆.၉%၊ ဟိန္ဒူဘာသာဝင် ၁%၊ နတ်ကိုးကွယ်သူများ ၀.၅% နှင့် အခြားဘာသာဝင် ၂.၅% ဖြစ်သည် (ပုံ-၅ ကို ရှုပါ)။ ကျောင်းများထဲမှ တစ်ကျောင်းမှာ ခရစ်ယာန်အသိုင်းအဝိုင်းတွင် သီးသန့်တည်ရှိနေပြီး အခြားသောကျောင်းများမှာ ဗုဒ္ဓဘာသာဝင် ကျောင်းသား/သူအများစု တက်ရောက်ကြသော ကျောင်းများဖြစ်သည်။ စစ်တမ်းကောက်ယူထားသော ဆရာ/မများထဲတွင်လည်း အများစုမှာ ဗုဒ္ဓဘာသာဝင် ၈၂.၉% ဖြစ်ပြီး ခရစ်ယာန်ဘာသာဝင် ၁၄.၃%၊ အစ္စလာမ်ဘာသာဝင် ၂.၉% အသီးသီးဖြစ်သည်။ အများစု ၅၁.၄ %မှာ ကရင်လူမျိုးများဖြစ်ပြီး ဗမာလူမျိုးမှာ ၂၈.၆%၊ မွန်လူမျိုး ၁၁.၄% နှင့် ကျန် ၈.၆% အခြားသော လူနည်းစုများဖြစ်သည်။ စစ်တမ်းကောက်ထားသော ကျောင်းသား/သူများတွင် ၄၈.၅ % မှာ ကျောင်းသားများဖြစ်ပြီး ကျန် ၅၁.၅ % မှာ ကျောင်းသူများဖြစ်သည်။ ဆရာ/မများထဲတွင် ၉၇.၁ % မှာ ဆရာမများဖြစ်ပြီး ဆရာဦးရေမှာ ၂.၃ % သာလျှင်ရှိသည်။ ၂၀၁၈ တွင် ကမ္ဘာ့ဘဏ်၏ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံရှိ အလယ်တန်းနှင့် အထက်တန်းဆရာ/မများမှ ၈၆ % သည် ဆရာမများ ဖြစ်ကြောင်း သိရသည်။

## ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများ

ဤသုတေသနသည် ကရင်ပြည်နယ်အတွင်းရှိ အစိုးရအထက်တန်းကျောင်း ခုနစ်ကျောင်းကိုသာ အခြေပြု သုံးသပ်ထားခြင်း ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်များ အုပ်ချုပ်မှုအောက်တွင်ရှိသော ကျောင်းများ၊ အခြားသောအဖွဲ့များ၏ ဦးဆောင်မှုဖြင့် လည်ပတ်နေသော ကျောင်းများ၏ အခြေအနေကိုမူ ထင်ဟပ်ခြင်းမရှိပါ။

ယခု သုတေသနကို COVID-19 ကပ်ကာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သောကြောင့် စစ်တမ်းကောက်ယူချက်များကို သုတေသန အသင်းမှ အနီးကပ်စီမံခန့်ခွဲခွင့် မရှိခဲ့ပေ။ ဒေသခံ လုပ်အားပေးဆောင်ရွက်သူများ၏ အကူအညီဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သုတေသနနှင့်သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို အင်တာနက်မှတစ်ဆင့် စီစဉ်ခဲ့ရခြင်း ဖြစ်သောကြောင့် လူတွေ့ဆွေးနွေးခြင်းထက် ထိရောက်မှု အားနည်းကြောင်းတွေ့ရှိရသည်။ တွေ့ဆုံမေးမြန်းခြင်းရလဒ်များအား အတည်ပြုစစ်ဆေးရန် အထူးသဖြင့် သုတေသနတွင်ဖြေဆိုပါဝင်သူများက နေရပ်အသီးသီးသို့ ပြန်သွားပြီး ဆက်သွယ်ရန်နှင့် သွားလာရေး အကန့်အသတ်များရှိသောကြောင့် အခက်အခဲများကိုလည်းတွေ့ကြုံခဲ့ရသည်။

လေ့လာမှုပြုလုပ်ရာတွင် ယဉ်ကျေးမှုအရ မတူကွဲပြားမှု၊ ခွဲခြားဆက်ဆံမှု၊ အနိုင်ကျင့်မှုတိုက်ဖျက်ရေး စသည့် အကြောင်းအရာများကို ယေဘုယျအားဖြင့် ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး လူနည်းစုတစ်စုတည်းအပေါ် သက်ရောက်မှုများကို အခြေပြုထားခြင်း မဟုတ်ပါ။ ပတ်ဝန်းကျင်မှ စုံလင်ကွဲပြားသူများ (LGBT) နှင့်ပတ်သက်၍ လက်ခံနိုင်မှုနည်းပါးသည်ဟု ထင်ရသည့်အလျောက် စစ်တမ်းကောက်ယူထားသူများတွင် ၎င်းတို့၏ပါဝင်မှုကို ရွေးထုတ်ဖော်ပြရန် အခက်အခဲရှိပါသည်။ မိမိတို့၏ဖြစ်တည်မှုအား အသိအမှတ်ပြုမခံရသော အခြားသော ဖယ်ကြဉ်ခံ လူနည်းစုများ အတွက်လည်း တူတူပင်ဖြစ်သည်။

# လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ

ဤလေ့လာမှုမှ တွေ့ရှိချက်များကို လူမှုအသိုင်းအဝိုင်းတွင်း အားလုံးပါဝင်နိုင်မှုအတွက် အတားအဆီးဖြစ်စေသော အစွဲများနှင့် စနစ်ပိုင်းဆိုင်ရာ အကန့်အသတ်များဟူ၍ အပိုင်းနှစ်ပိုင်းခွဲထားသည်။ စစ်တမ်းရလဒ်များကို သုံးသပ်ပြီး ထိုခေါင်းစဉ်နှစ်ခု အောက်တွင် အမျိုးအစားသတ်မှတ်၍ အသေးစိတ်ကို အောက်တွင်ဖော်ပြထားသည်။

## လူမှုအသိုင်းအဝိုင်းတွင်းအားလုံးပါဝင်နိုင်မှုအတွက် အတားအဆီးဖြစ်စေသော အစွဲများ

ဤအပိုင်းတွင် ကရင်ပြည်နယ် ကျောင်းများရှိ ဆရာ/မနှင့် ကျောင်းသား/သူများအကြား လူမှုအသိုင်းအဝိုင်းအတွင်း အားလုံး ပါဝင်နိုင်မှုကို အတားအဆီးဖြစ်စေသော တစ်ဦးချင်း အမြင်၊ အစွဲများနှင့် တစ်ဦးနှင့်တစ်ဦးကြား ဆက်ဆံမှုများကို ဆွေးနွေး သွားမည်ဖြစ်သည်။ လူမှုရေးအရ အားလုံးပါဝင်နိုင်မှုမရှိခြင်းသည် အနိုင်ကျင့်မှုနှင့် တခြားလူတစ်ဦးအပေါ် ဉပါဒ်ဖြစ်စေနိုင်သော ပုံသေသတ်မှတ်ချက်များ ဖြစ်ပေါ်လာစေပြီး ကျောင်းအတွင်း လူမှုဆက်ဆံရေး ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ အား ဖြစ်စေသည်။

လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုအတွက် အတားအဆီးဖြစ်စေသော အစွဲများကို အတွင်းကျကျသိမြင်နိုင်ရန် ဆရာ/မများနှင့် ကျောင်းသား/သူများကို ဖော်ပြပါ မေးခွန်းလေးခု မေးခဲ့သည်။

၁။ အတန်းထဲတွင်ဆွေးနွေးသော အကြောင်းအရာများ (အတန်းထဲတွင် ရှောင်ကြဉ်လေ့ရှိသော ခေါင်းစဉ်များ)
၂။ မဆွေးနွေးရသည့် အကြောင်းပြချက်
၃။ အနိုင်ကျင့်မှုဖြစ်နှုန်း၊ အဖြစ်များသော အနိုင်ကျင့်မှုပုံစံများနှင့် ခံရသူများ
၄။ မတူညီသော လိင်သဘောသဘာဝအပေါ် သိမြင်နားလည်မှုနှင့် တုံ့ပြန်မှုများ

ဤအပိုင်းတွင် မေးခွန်းတစ်ခုချင်းဆီမှ တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ အောက်ဖော်ပြပါအချက်များသည် လူမှုအသိုင်း အဝိုင်းအတွင်း အားလုံးပါဝင်နိုင်မှုကို အတားအဆီးဖြစ်စေသော တစ်ဦးချင်းအမြင်၊ အစွဲများနှင့် တစ်ဦးနှင့်တစ်ဦးကြား ဆက် ဆံမှုများ၏ ထင်ရှားသောအချက်များဖြစ်သည်။

**ဆရာ/မများသည် လိင်ပညာပေး၊ ဟော်မုန်းအရ ဖြစ်ပေါ်လာသော ခံစားမှုများ၊ လူတစ်ဦးချင်း၏ မတူညီခြားနား မှုများ စသည့်အကြောင်းအရာများကို ဆွေးနွေးရန် သက်သောင့်သက်သာမရှိသည်ကို တွေ့ရသည်။ သို့သော် အကြမ်းမဖက်ရန်၊ အမျိုးသမီးများကိုလေးစားရန် စသည်တို့ကိုမူ အဆင်ပြေစွာဆွေးနွေးနိုင်သည်။ မည်သို့ပင် ဆိုစေကာမူ လုပ်သက် ၂၁ နှစ်အထက် ရှိသော ဆရာ/မများသည် ဤ ဖော်ပြပါအကြောင်းအရာများအားလုံးကို ဆွေးနွေးဖူးကြောင်း တွေ့ရသည်။**

- ဆရာ/မများသည် စာသင်ခန်းအတွင်း၌ လိင်သဘောသဘာဝ အရိပ်အမြွက်/အရိပ်အရောင်/ကိုးကားချက် ပါသော အကြောင်းအရာများကို ဆွေးနွေးရန်တုံ့ဆိုင်းကြသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းပညာရေးတွင် ထိုကဲ့သို့ အကြောင်းအရာများအား ဆွေးနွေးခြင်းကို မိဘများ သဘောကျလိမ့်မည်မဟုတ်ဟု ယုံကြည်ကြသော ကြောင့်ဖြစ်သည်။ သို့သော် ထိုအကြောင်းအရာများဆွေးနွေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အားပေး ထောက်ပံ့မှုများရှိပါက စိတ်ဝင်စားကြောင်း သိရသည်။
- ရှုံ့ချခြင်းနှင့် လူမျိုးရေးခွဲခြားသော အသုံးအနှုန်းများသုံး၍ နှုတ်ဖြင့် အနိုင်ကျင့်ထိပါးခြင်းမှာ ယောက်ကျားလေး များကြားတွင် ပုံမှန်ဖြစ်လေ့ရှိကြောင်း တင်ပြထားသည်။ အနိုင်ကျင့်ခံရသူများမှာ သင်ခန်းစာများတွင် ရှန်းကန် နေရတတ်သောသူများ သို့မဟုတ် လူနည်းစုတိုင်းရင်းများဖြစ်သည်။

- ဆရာ/မများနှင့် ကျောင်းသား/သူများကြားတွင်လည်း ကျားမဖြစ်တည်မှုအပေါ် အခြေပြု၍ ပုံသေသတ်မှတ်ချက်များကို တွေ့ရသည်။ ကျောင်းသား/သူများ၏ အတွင်းစိတ်ထဲတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ယှဉ်လျှင် နိမ့်ကျသည်ဟူသော အတွေးအခေါ်မျိုး ရှိနေသည်။ စုံလင်ကွဲပြားသူများ (LGBT) နှင့် ပတ်သက်၍ သိနားလည်မှု၊ လက်ခံနိုင်မှုများတွင်လည်း အကန့်အသတ်ရှိကြောင်း တွေ့ရသည်။


## ၁။ အတန်းထဲတွင် ဆွေးနွေးသော အကြောင်းအရာများ (အတန်းထဲတွင် ရှောင်ကြဉ်လေ့ရှိသော ခေါင်းစဉ်များ)

ဆရာ/မများက ကျောင်းသား/သူများအား တန်းတူညီမျှမှုနှင့် တရားမျှတမှု၊ ခွဲခြားဆက်ဆံမှုမရှိသော စိတ်နေစိတ်ထားများ မြေတောင်မြှောက်ပေးစေနိုင်လောက်သော အကြောင်းအရာများကို ဆွေးနွေးခြင်း ရှိ/မရှိကို ဆန်းစစ်ရန် 'မှားမှန်ရောထွေး အမှန်ရွေး'မေးခွန်းများ ပေးထားပါသည်။ ထိုရွေးချယ်စရာများထဲတွင် လူမှုရေးအရ အားလုံးပါဝင်နိုင်မှုအတွက် ထည့်သွင်းသင်ကြားရန် လိုအပ်သည်ဟု ယူဆရသော လူတစ်ဦးချင်း၏ မတူညီခြားနားမှုများ၊ အမျိုးသမီးများကို လေးစားမှု၊ ကျား/မ တန်းတူညီမျှမှု၊ အကြမ်းမဖက်ရေးနှင့် မိတ်ဆွေဖွဲ့မှု နောက်ဆုံးတွင် လိင်ပညာပေး၊ ချစ်ခြင်းမေတ္တာနှင့် ဟော်မုန်းအရ ဖြစ်ပေါ်လာသော ခံစားချက်များအကြောင်း ပါဝင်သည်။

ဆရာ/မများသည် လိင်ပညာပေး၊ ဟော်မုန်းအရ ဖြစ်ပေါ်လာသော ခံစားမှုများနှင့် လူတစ်ဦးချင်း၏ မတူညီ ခြားနားမှုများအကြောင်းကို ဆွေးနွေးရန် အဆင်မပြေဖြစ်တတ်ကြသော်လည်း အကြမ်းမဖက်ရန်၊ အမျိုးသမီးများကို လေးစားရန် စသည်တို့ကိုမူ အဆင်ပြေစွာဆွေးနွေးနိုင်သည်ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေကာမူ လုပ်သက် ၂၁ နှစ်အထက်ရှိသော ဆရာ/မများသည် ဤဖော်ပြပါ အကြောင်းအရာများအားလုံးကို ဆွေးနွေးဖူးကြောင်းတွေ့ရသည်။

အချက်အလက်များအရ ဆရာ/မများသည် မိတ်ဆွေဖွဲ့ခြင်း၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်း၊ အကြမ်းမဖက်ခြင်း စသည်တို့နှင့် စပ်လျဉ်း၍ အများဆုံးဆွေးနွေးကြသည်။ စစ်တမ်း ကောက်ယူထားသော ဆရာ/မ ၁၀၀ % (၃၅ ဦး) သည် ဖော်ပြပါ အကြောင်းအရာများကို ဆွေးနွေးဖူးကြောင်း သိရသည် (ပုံ-၆ ကို ရှုပါ)။ ၎င်းတို့ထဲမှ ၄၀ % မှာ လုပ်သက် ၂၁ နှစ်နှင့်အထက်

ပုံ (၆) အတန်းထဲတွင်ဆွေးနွေးသော အကြောင်းအရာများ (ဆရာ/မ စစ်တမ်း)





ရင်းမြစ် – သုတေသီ

ရှိသည်။ စစ်တမ်းကောက်ထားသူ ကျောင်းသား/သူ ၅၉ % (၂၀၅ ဦး) သည် အနိုင်ကျင့်ခြင်းနှင့်ပတ်သက်၍ စာသင်ခန်းအတွင်း ဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။ ထို့အပြင် ၃၉% သော ကျောင်းသား/သူများ (၂၀၅ ဦး) သည် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဆွေးနွေးဖူးကြောင်း လေ့လာရသည်။

တစ်ချိန်တည်းမှာပင် 'ကျားမတန်းတူညီမျှမှု၊ အမျိုးသမီးများကို အလေးထားမှု' စသည်တို့သည် ဒုတိယအများဆုံး ဆွေးနွေးဖြစ်သော အကြောင်းအရာများဖြစ်သည်။ စစ်တမ်းကောက်ယူထားသူများ၏ ၈၀ % သည် ထိုအကြောင်းအရာနှင့် အထိအတွေ့ရှိဖူးသူများ ဖြစ်သည် (ပုံ-၆ ကို ရှုပါ)။ ကျောင်းသား/သူများ၏ ၄၆ % ခန့်ကလည်း အဆိုပါအကြောင်းအရာကို ဆွေးနွေးဖူးကြောင်း ဖော်ပြကြသည်။ ထိုအကြောင်းအရာ ဆွေးနွေးဖူးသူ ဆရာ/မများတွင် အများစု ၇၈.၆ % မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး၊ အစ္စလာမ်ဘာသာဝင် ၃.၆ %၊ ခရစ်ယာန်ဘာသာဝင် ၁၇.၈ % အသီးသီးဖြစ်သည်။ ထိုအစ္စလာမ်ဘာသာဝင် ၃.၆ %နှင့် ခရစ်ယာန်ဘာသာဝင် ၁၇.၈ % မှာ ၎င်းဘာသာဝင် ဖြေဆိုသူအားလုံးဖြစ်သည်။ အထက်ပါအကြောင်းအရာကို ဆွေးနွေးပေးခဲ့သူများ အနက်မှ ၃၂ % ခန့်သည် ၎င်းတို့၏ လုပ်သက်အစောပိုင်းကာလ (ပထမ ငါးနှစ်အတွင်း)တွင် ဆွေးနွေးသင်ကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ၄၃ % သော ဆွေးနွေးဖူးသူများတွင် လုပ်သက် ၂၀ နှစ်နှင့်အထက်ရှိ ဝါရင့်ဆရာ/မများ ပါဝင်နေခြင်းဖြစ်သည်။

**ပုံ (၇)** အတန်းထဲတွင်ဆွေးနွေးသော အကြောင်းအရာများ (ကျောင်းသား/သူ စစ်တမ်း)




**ရင်းမြစ်** – သုတေသီ

တစ်ဖက်တွင်လည်း အချက်အလက်များအရ လူတစ်ဦးချင်း၏ မတူညီ ခြားနားမှုများ (ဘာသာရေး၊ မသန်စွမ်းမှု၊ လူမျိုး၊ စီးပွားရေး)အကြောင်းကို အနည်းအကျဉ်းသာ ဆွေးနွေးကြောင်းသိရသည်။ ဖြေဆိုသူ ဆရာ/မများထဲမှ ၃၄.၃ % သာ ဆွေးနွေးဖူးကြသည်။ ထို ၃၄.၃ % မှာ ဆရာမများဖြစ်သည် (ပုံ-၆ ကို ရှုပါ)။ စိတ်ဝင်စားစရာကောင်းသည်မှာ ထိုဆရာ/မများထဲတွင် လူဦးရေအနည်းဆုံး လူနည်းစုများဖြစ်သော အစ္စလာမ်ဘာသာဝင်များ ပါဝင်ခြင်းမရှိပေ။

နောက်ဆုံးတွင် လိင်ပညာပေး၊ ချစ်ခြင်းမေတ္တာ သို့မဟုတ် ဟော်မုန်းအရဖြစ်လာသော ခံစားချက်များအကြောင်းကို စာသင်ခန်းအတွင်း ဆွေးနွေးခြင်းမှာ အနည်းဆုံးဖြစ်ကြောင်း သိရသည် (ပုံ-၆ ကို ရှုပါ)။ ဖြေဆိုသူ ဆရာ/မ ၂၀ % သာလျှင် လုပ်ဆောင်ဖူးကြသည်။ ၎င်းတို့ထဲမှ ၇၁.၄ % မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ၂၈.၆ % မှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်။ လူမျိုးစုအရ ဖော်ပြရလျှင် ၈၅.၇ % မှာ ကရင်လူမျိုးဖြစ်ပြီး ၁၄.၃ % မှာ ဗမာလူမျိုးဖြစ်သည်။ အခြားသော လူနည်းစုများမှာ ဖြေကြားထားခြင်း

မရှိပါ။ တစ်ဖက်တွင် ၃၄ % သော ကျောင်းသား/သူများ (စုစုပေါင်း ၂၀၅ ဦး) မှာ လိင်သဘောသဘာဝအကြောင်းကို မကြာသေးခင်က ဆွေးနွေးခဲ့ကြောင်း ဖြေဆိုထားသည်ကိုတွေ့ရသည်။

**အချုပ်အားဖြင့်ဆိုရသော် စာသင်ခန်းအတွင်း၌ လိင်သဘောသဘာဝ အရိပ်အမြွက်/အရိပ်အရောင်/ကိုးကားချက်များ မပါသော လုံခြုံစိတ်ချရသည့် အကြောင်းအရာများကိုသာ ဆရာ/မ အများစုက ဆွေးနွေးကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် ထိုအကြောင်းအရာများသည် အကဲဆတ်သည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။ ယေဘုယျအားဖြင့် ကျားမတန်းတူညီမျှမှုမှလွဲ၍ အမျိုးသမီးများကို လေးစားမှု၊ အကြမ်းမဖက်ရေးနှင့် မိတ်ဆွေဖွဲ့မှု၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု စသည့်အကြောင်းအရာများသည် လူ့အဖွဲ့အစည်း၏ စံသတ်မှတ်ချက်များနှင့် ကွဲလွဲဆန့်ကျင်ခြင်း မရှိကြပေ။**

## ၂။ မဆွေးနွေးရသည့် အကြောင်းပြချက်

လိင်ပညာပေးနှင့် လူတစ်ဦးချင်း၏ မတူညီခြားနားမှုများသည် စာသင်ခန်းထဲတွင် ပြောဆိုဆွေးနွေးမှု အနည်းဆုံးနယ်ပယ်များဖြစ်သည်။ ဖြေဆိုသူများထဲမှ ဗုဒ္ဓဘာသာဝင်များ ဆရာမ ခြောက်ဦးက ၎င်းတို့ မဆွေးနွေးရခြင်း အကြောင်းအရင်းကို ထုတ်ဖော်ပြောဆိုရာတွင် သုံးဦးမှာ ကျောင်းသားမိဘများ သဘောကျလိမ့်မည်မဟုတ်ဟု ယူဆသောကြောင့်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ထိုသုံးဦးထဲမှ တစ်ဦးမှာ လုပ်သက် ၂၀ နှစ်နှင့် အထက်ရှိသူဖြစ်သည်။ နောက်တစ်ဦးမှာ ကျောင်းမှ အားပေးထောက်ခံမှုမရှိခြင်း၊ အချိန်မရှိခြင်း၊ အင်အားမရှိခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။ ကျန်တစ်ယောက်မှာ ကျောင်းသား/သူများသည် ထိုအကြောင်းအရာများကို နားလည်ရန် အဆင်သင့်မဖြစ်သေးကြောင်း ထင်သောကြောင့်ဖြစ်သည်ဟု ဆိုသည်။ ဖြေဆိုသူတစ်ယောက်၏ ပြောကြားချက်အရ ထိုအကြောင်းအရာများသည် မိမိတို့အတွက် ရှုပ်ထွေးသည်ဟု စိတ်ဝင်စားဖွယ် သိရှိရသည်။

သို့သော်လည်း ၉၄.၁ % (၃၄ ဦး) မှာ လိုအပ်သောထောက်ပံ့မှုရရှိလျှင် ဖော်ပြပါ အကြောင်းအရာများကို ဆွေးနွေးလိုကြောင်း ပြောဆိုခဲ့သည်။ ၎င်းတို့အထဲမှ ၃၂.၄ % မှာ လက်ရှိကျောင်းတွင် ၁ နှစ်မှ ၅ နှစ်အတွင်း တာဝန်ထမ်းဆောင်နေသူများဖြစ်ပြီး ၁၄.၇ % မှာ လက်ရှိကျောင်းတွင် စာသင်နှစ် ၂၀ နှစ်အထက်ရှိသူများ ဖြစ်ကြသည်။ ၇၉.၄ % မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး အစ္စလာမ်ဘာသာဝင် ၂.၉ %၊ ခရစ်ယာန်ဘာသာဝင် ၁၁.၈ % ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ဆရာ/မများသည် စာသင်ခန်းအတွင်း၌ လိင်သဘောသဘာဝ အရိပ်အမြွက်/အရိပ်အရောင်/ကိုးကားချက်ပါသော အကြောင်းအရာများကို ဆွေးနွေးရန် တုံ့ဆိုင်းကြသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းပညာရေးတွင် ထိုကဲ့သို့အကြောင်းအရာများ ဆွေးနွေးခြင်းကို မိဘများ သဘောကျလိမ့်မည်မဟုတ်ဟု ယုံကြည်ကြသောကြောင့် ဖြစ်သည်။ ထိုအကြောင်းအရာများဆွေးနွေးရန် သက်ဆိုင်ရာတာဝန်ရှိသူများက အားပေးထောက်ပံ့မှုများရှိပါက စိတ်ဝင်စားကြောင်း တွေ့ရသည်။

## ၃။ အနိုင်ကျင့်မှု သို့မဟုတ် နှောင့်ယှက်စော်ကားမှုများ


ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) (2002) အရ အနိုင်ကျင့်မှုဆိုသည်မှာ 'ပုံစံမျိုးစုံရှိသော မလျော်မကန် ဆက်ဆံမှုတစ်ခုဖြစ်သည်[...] ဤတွင် စနောက်ခြင်း၊ နာမည်ခေါ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သရော်ခြင်း၊ နှောင့်ယှက်စော်ကားခြင်း၊ ထိကပါးရိကပါးပြောခြင်း၊ နှိမ်ခြင်း၊ လူမှုဆက်ဆံရေးတွင် ဖယ်ကြဉ်ခြင်း၊ ကောလာဟလပြောခြင်းတို့ ပါဝင်သည်'။ OLWEUS (1993) ၏ အနိုင်ကျင့်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကျောင်းသား/သူတစ်ယောက်က အခြားကျောင်းသား/သူတစ်ဦးဦး သို့မဟုတ် တစ်စုတစ်ဖွဲ့၏ အပျက်သဘောဆောင်သော အပြုအမူများနှင့် ဆက်ဆံမှုများကို အချိန်ကာလများစွာ ထပ်ခါတလဲလဲ ကြုံတွေ့နေရလျှင် ၎င်းသည် အနိုင်ကျင့်ခံနေရခြင်းဖြစ်ကြောင်း ပြောထားသည်။ အဆိုပါ 'အပျက်သဘောဆောင်သော အပြုအမူများ' မှာ ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ နှုတ်ဖြင့်လည်းသော်လည်းကောင်း၊ မကြင်နာသော မျက်နှာအမူအရာများ သို့မဟုတ် ကိုယ်အမူအရာများ ပြခြင်း၊ တမင်ရည်ရွယ်သော ကန့်သတ်ခွဲခြားခြင်းများဖြစ်သည် (OLWEUS, 2010)။ ယူနက်စကိုအဖွဲ့၏ အစီရင်ခံစာအရ ခန့်မှန်းခြေအားဖြင့် ကျောင်းသား/သူ သုံးပုံတစ်ပုံခန့်မှာ ကျောင်းတွင် အနိုင်ကျင့်ခံနေရကြောင်း သိရသည်။

ကျောင်းသူ ၂၈ % ထက် ကျောင်းသား ၃၂ % တို့မှာ အနိုင်ကျင့်ခံရမှုများနှင့် ရင်ဆိုင်နေရကြောင်း တွေ့ရသည် (UNESCO 2018)။

## (၁) အနိုင်ကျင့်မှု ဖြစ်စဉ်များ


၄၆ % ခန့်ရှိသော စစ်တမ်းဖြေဆိုသူ ကျောင်းသား/သူများ (စုစုပေါင်း ၂၀၅ ဦး) ၏ ပြောကြားချက်အရ ကျောင်းတွင် အနိုင်ကျင့်ခြင်း၊ နှုတ်ဖြင့် စော်ကားနှောင့်ယှက်မှုများမှာ ပုံမှန် ဖြစ်လေ့ဖြစ်ထရှိကြောင်း သိရှိရသည် (ပုံ-၈ ကို ရှုပါ)။ ဆရာ/မများကမူ

ပုံ (၈) ကျောင်းတွင် အနိုင်ကျင့်ခြင်းနှင့် နှုတ်ဖြင့် နှောင့်ယှက်ထိပါးခြင်းများ ပုံမှန်ဖြစ်လေ့ရှိသည်




**ရင်းမြစ်** – သုတေသီ

ပုံ (၉) စာမေးတွေ့ရ




**ရင်းမြစ်** – သုတေသီ

ထိုကိစ္စရပ်များကို မျက်မြင်တွေ့ရှိမှု ပိုနည်းသည်ဟုထင်ရသည်။ အနည်းငယ်(၂၉ %) သော ဆရာ/မများသာလျှင် ကျောင်းတွင် အနိုင်ကျင့်ခြင်း၊ စော်ကားနှောင့်ယှက်ခြင်းများ အတိုင်းအတာတစ်ခုအထိရှိကြောင်း ဖြေဆိုခဲ့သည်။ ၉၇ % သော ဆရာ/မများ (စုစုပေါင်း ၃၅ ဦး) ၏ ပြောကြားချက်အရ ကျောင်းတွင်အဖြစ်များသော အနိုင်ကျင့်မှုပုံစံမှာ နှုတ်ပိုင်းဆိုင်ရာအရဖြစ်ပြီး


ဆရာ/မ ၃၄ % မှာ ရုပ်ပိုင်းဆိုင်ရာအရ အနိုင်ကျင့်မှုများရှိသည်ဟု ဖြေကြားခဲ့သည်။ ၄၃ % ခန့်မှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှုများရှိနိုင်ကြောင်း ဖြေဆိုခဲ့သည်။ ထို့ပြင် ၈၂ % သော ဆရာ/မများ (စုစုပေါင်း ၃၄ ဦး) ၏ စစ်တမ်းဖော်ပြချက်အရ နှုတ်ဖြင့်ပြောဆိုမှုများတွင် တစ်ဦး၏ ရုပ်ရည်သွင်ပြင်များ (အသားအရောင်၊ လူမျိုး၊ ကိုယ်အလေးချိန်) တို့နှင့်ဆက်စပ်၍ အနိုင်ကျင့်ပြောဆိုကြသည်ဟု သိရသည် (ပုံ-၉ ကို ရှုပါ)။

## (၂) အနိုင်ကျင့်မှုများ၏နောက်ခံအကြောင်းအရင်းများ

Turner ၏ သုတေသနစာတမ်း(၂၀၁၅)တွင် ကိုးကားဖော်ပြထားသော Isernhagen & Harris (2003) စာတမ်းအရ နာမည်ခေါ်ခြင်း၊ စနောက်ခြင်း၊ သရော်သော စကားလုံးများသုံးခြင်းသည် နှုတ်ပိုင်းဆိုင်ရာအရ အနိုင်ကျင့်မှုတစ်ခုဖြစ်ကြောင်း လေ့လာရသည်။ ၅၅ % ခန့်ရှိသော ကျောင်းသား/သူများသည် ၎င်းတို့နှင့်ရွယ်တူ သူငယ်ချင်းများက တခါတရံ ဘာသာရေး၊ လူမျိုးရေး၊ အသားအရောင်တို့ကို အခြေပြု၍ စနောက်ခြင်း၊ အနိုင်ကျင့်ခြင်း ခံနေရကြောင်း စစ်တမ်းအရသိရသည်။ တချို့သော ကျောင်းသား/သူများမှာ ၎င်းတို့ကိုယ်တိုင် အန္ဒိယနွယ်ဝင် သို့မဟုတ် ထိုကဲ့သို့ရုပ်ရည်သွင်ပြင်ရှိသူ အတန်းဖော်များအား 'အသားမဲ'ဟုသော်လည်းကောင်း၊ 'ကုလား'ဟုသော်လည်းကောင်း စနောက်ခေါ်ဆိုဖူးကြောင်း ဝန်ခံခဲ့သည်။ ထိုသို့ဝန်ခံသူများတွင် မိန်းကလေး ၅၀ % ခန့် ပါဝင်နေကြောင်း မှတ်သားရသည်။ ထို ၅၀ % သော မိန်းကလေးများတွင် ၈၁ % မှာ အသက် ၁၁-၁၄ နှစ် အတွင်းရှိသော ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ ကျန် ၅၀ % သော ယောက်ကျားလေးများထဲမှ ၇၈ % မှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း စစ်တမ်းကောက်ယူထားသော ဆရာ/မ ၄၀ % မှာ အနိုင်ကျင့်မှုသည် ယောက်ကျားလေးများကြားတွင် ပို၍အတွေ့များသည်ဟု လက်ခံထားကြသည်။


စစ်တမ်းကောက်ယူထားသော ကျောင်းသား/သူများ၏တင်ပြချက်အရ တစ်ခါတစ်ရံ စာသင်ခန်းအတွင်း စာရေးစာဖတ်ရာတွင်ဖြစ်စေ၊ စကားပြောရာတွင်ဖြစ်စေ အခက်အခဲများ ရှိသောအခါ သူငယ်ချင်းများ၏ စနောက်ခြင်းခံရကြောင်း တွေ့ရသည် (ပုံ-၁၁ ကို ရှုပါ)။ ကျောင်းတွင် မိမိတို့၏ မိခင်ဘာသာစကား အသုံးပြုခွင့်မရှိခြင်းသည်လည်း ထိုအခက်အခဲများ ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများထဲမှ တစ်ခုဖြစ်သည်။ ဗမာစကားသည် တရားဝင် နိုင်ငံသုံးဘာသာစကား ဖြစ်သောကြောင့် အစိုးရကျောင်းများတွင် ဗမာစကားကိုသာ အသုံးပြုကြသည်။ ကျောင်းသုံးစာအုပ်နှင့် သင်ရိုးညွှန်းတမ်းများတွင် ဗမာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကိုသာ ထည့်သွင်းအသုံးပြုထားသည်။ သင်ကြားရေးတွင်လည်း ဗမာစကားကိုသာ အသုံးပြု သင်ကြားသည်။ မြန်မာနိုင်ငံတွင် တရားဝင် သတ်မှတ်ထားသော လူမျိုးစု ၁၃၅ စုတွင် ပြောဆိုအသုံးပြုသော ဘာသာစကား ၁၀၀ ကျော်ရှိသည်။ ဗမာဘာသာစကားသည် ကရင်ပြည်နယ်တွင်သာမက တခြားသော ပြည်နယ်များတွင် အများစုအသုံးပြုသော ပထမဘာသာစကား (မိခင်ဘာသာစကား) တစ်ခု မဟုတ်ပေ။ ကရင်ပြည်နယ်အတွင်းရှိ စစ်တမ်းကောက်ယူထားသော ကျောင်းသား/သူ (စုစုပေါင်း ၂၀၅ ဦး) ၅၃ % ၏ ဖြေဆိုချက်အရ ဗမာဘာသာစကားသည် ၎င်းတို့၏ မိခင်ဘာသာစကား

**ပုံ (၁၀)** ဗမာဘာသာစကားကို နားလည်ရန် ခက်ခဲမှုရှိသော ကျောင်းသား/သူများ (၁၁-၁၄ နှစ်) ၏ ရာခိုင်နှုန်း




**ရင်းမြစ် –** သုတေသီ

**ပုံ (၁၁)** မိမိတို့ကျောင်းရှိ ကျောင်းသားများသည် စာသင်ခန်းအတွင်း စာဖတ်၊ စာရေးနှင့် စကားပြောဆိုမှုတို့တွင် အခက်အခဲဖြစ်ပါက ၎င်းတို့ကို နောက်ပြောင်ကျီစယ်ခြင်း၊ အနိုင်ကျင့်ခြင်းတို့ ရှိသည်။ (ကျောင်းသားများကို စစ်တမ်းကောက်ယူမှုမှ ရလဒ် (N=205))




**ရင်းမြစ်** – သုတေသီ

မဟုတ်ကြောင်း ဖော်ပြခဲ့သည်။ ကရင်လူမျိုးအများစုသည် ဗမာစကားကို အများသုံးဘာသာစကားအဖြစ် အသုံးပြုနိုင်မှု အားနည်းလှသည်။ စစ်တမ်းကောက်ယူထားသူ၏ ၆၀ % မှာ ဗမာဘာသာစကားကို မိခင်ဘာသာစကားတစ်ခုအနေဖြင့် ထိတွေ့ခဲ့ဖူးခြင်းမရှိကြောင်း တွေ့ရသည်။ ထို ၆၀ % တွင် ကရင်လူမျိုးအများစု (၅၁ %) ပါဝင်နေခြင်းဖြစ်သည်။ အထက်ဖော်ပြပါ ၅၃ % သော ကျောင်းသား/သူများထဲမှ ၅၁ % မှာ ဗမာဘာသာစကားကို နားလည်ရန်ခက်ခဲကြောင်း တင်ပြခဲ့သည် (ပုံ-၁၀ ကိုရှုပါ)။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းအရ ကရင်ပြည်နယ်အတွင်း စာတတ်မြောက်နှုန်းမှာ ၇၄.၄ % ရှိပြီး ပြည်ထောင်စုအဆင့် စာတတ်မြောက်နှုန်း ၈၉.၅ % နှင့်ယှဉ်လျှင် ၁၅.၁ % နိမ့်ကျလျက်ရှိကြောင်း တွေ့ရသည် (Myanmar Population and Housing Census, 2014)။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ ကွင်းဆင်း လေ့လာသုံးသပ်ချက်အရ ပဋိပက္ခဖြစ်ပွားရာဒေသရှိ လူနည်းစုနိုင်ငံသားများသည် ကျောင်းများပျက်စီးခြင်း၊ ပိတ်ထားရခြင်း၊ ရွှေ့ပြောင်းဒေသများတွင်လည်း အမြဲတမ်း ကျောင်းတည်ထောင်ခွင့်မရှိခြင်း စသည်တို့ကြောင့် ကျောင်းပညာရေးကို လမ်းလှမ်းမမီနိုင်ဘဲ ဖြစ်နေသည် (KHRG, 2018)။

စာရင်းကောက်ယူစဉ်ကာလအတွင်း ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသား/သူများကို လူမျိုးစုအပေါ် အခြေခံ၍ သူငယ်ချင်းမိတ်ဖွဲ့မှုနှင့်ပတ်သက်၍ မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ၄၀ % ခန့်သော ကျောင်းသား/သူများ (စုစုပေါင်း ၂၀၅ ဦး)မှာ ၎င်းတို့နှင့် လူမျိုးတူသူနှင့်မိတ်ဆွေဖွဲ့ရန် ပိုသဘောကျကြောင်း တွေ့ရသည်။ အများစုဖြစ်သော ၇၂ % မှာ ကရင်လူမျိုးများဖြစ်သည်။

> **အနှစ်ချုပ်အားဖြင့် အနိုင်ကျင့်ခြင်းသည် စာသင်ကျောင်းများ၌ အတွေ့ရများသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ၎င်းဖြစ်စဉ်အများစုမှာ လူအုပ်စုတစ်စု၏ ပြောင်းလဲ၍မရသော ကိုယ်ပိုင်ဝိသေသလက္ခဏာများအပေါ် အခြေတည်ပြီး အထူးသဖြင့် ယောက်ကျားလေးများတွင် အမြင်သာဆုံးဖြစ်သည်။**

## ၄။ ကျား/မအခြေပြု ပုံသေသတ်မှတ်ချက်များ


ကျား/မအခြေပြု ပုံသေသတ်မှတ်ချက်များဆိုသည်မှာ အမျိုးသမီး၊ အမျိုးသားတို့၏ ဖြစ်တည်မှု၊ မည်သို့ပြုမူပုံ သို့မဟုတ် မည်သို့ပြုမူသင့်ပုံ စသည်တို့နှင့်ပတ်သက်သော ထင်မြင်ချက် သို့မဟုတ် ကြိုတင်ယူဆချက်များကို ဆိုလိုပါသည်။ ကျား/မအခြေပြု ပုံသေသတ်မှတ်ချက်များသည် အမျိုးသား သို့မဟုတ် အမျိုးသမီး တစ်ဦးတစ်ယောက်ချင်းစီ၏ တတ်ကျွမ်းမှု အရည်အသွေးများအား အဆင့်မြှင့်တင်ရာတွင်သော်လည်းကောင်း အလုပ်အကိုင်များကို ရွေးချယ်ရာတွင်သော်လည်းကောင်း သို့မဟုတ် မိမိတို့ဘဝနှင့်ဆိုင်သော ဆုံးဖြတ်ချက်များကို ချရသောအခါများတွင် ခက်ခဲမှုများကို ဖြစ်စေပါသည် (OHCHR,n.d.)။ မြန်မာနိုင်ငံတွင် အမျိုးသမီးအပေါ် ကျား/မအခြေပြု ပုံသေသတ်မှတ်ချက်များသည် ဘာသာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်

ဓလေ့ထုံးစံဆိုင်ရာ အလေ့အကျင့်များတွင် အမြစ်တွယ်လျက်ရှိသည် (GEN & Global Justice Center, 2016)။
ဤအပိုင်းတွင် ကျား/မအခြေပြု ခွဲခြားဆက်ဆံခြင်းနှင့် ဆရာ/မများနှင့် ကျောင်းသား/သူများအကြားတွင် ကြီးစိုးနေသော ကျား/မ အခြေပြု မမျှတသော ပုံသေသတ်မှတ်မှုများအကြောင်း ဖော်ပြထားပါသည်။ ကျား/မဖြစ်တည်မှုအပြင် စုံလင်ကွဲပြားသူများ (LGBT) အပေါ်ပုံသေသတ်မှတ်ချက်များ အကြောင်းကို ဤစစ်တမ်းအရ မကြာခဏ တွေ့ရှိရသည်။ ဤအပိုင်း ကျား/မ အခြေပြု ပုံသေသတ်မှတ်ချက်များကို (၁) အမျိုးသားနှင့် အမျိုးသမီးများအပေါ် ပုံသေသတ်မှတ်ချက်များနှင့် (၂) စုံလင်ကွဲပြားသူများ (LGBT) အပေါ် ထားရှိသော ပုံသေသတ်မှတ်ချက်များဟူ၍ အပိုင်းနှစ်ပိုင်း ခွဲထားသည်။

## (၁) အမျိုးသားနှင့် အမျိုးသမီးများအပေါ် ပုံသေသတ်မှတ်ချက်များ

ယောက်ကျားများသည် မိန်းမများထက် သာလွန်သည်ဟူသော ယဉ်ကျေးမှုနှင့် ဆိုင်ရာခံယူချက်များ ကျောင်းသား/သူများ အကြားတွင် လွှမ်းမိုးလျက်ရှိနေကြောင်း တွေ့ရပါသည်။ အေဒီက ကျားမဖြစ်တည်မှုနှင့်ပတ်သက်၍ ကျောင်းသား/သူများနှင့် ဆရာ/မများ၏ အမြင်များကို ဖော်ထုတ်ရန်အတွက် စစ်တမ်းမေးခွန်းအချို့ကို ပြင်ဆင်ခဲ့သည်။ ကရင်ပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းမှ စစ်တမ်းကောက်ယူချက်အရ ကျောင်းသား/သူ (၂၀၅ ဦး)မှ ၅၆ %က 'ယောက်ကျားများသည် ခေါင်းဆောင်မှုကဏ္ဍတွင် အမျိုးသမီးများထက် ပိုသင့်တော်သည်'ဆိုသည့် အဆိုကို သဘောတူလက်ခံကြသည်။ ၂၀ % မှာ ၎င်းအဆိုကို အခိုင်အမာ သဘောတူခဲ့ကြသည် (ပုံ-၁၂ ကို ရှုပါ)။ မိန်းကလေးများရော ယောက်ျားလေးများပါ ထိုအဆိုအပေါ်၌

ပုံ (၁၂) အမျိုးသားများသည် အမျိုးသမီးများထက် ခေါင်းဆောင်မှုတာဝန်များနှင့် ပို၍ သင့်တော်သည်။
ကျောင်းသားများကို စစ်တမ်းကောက်ယူမှုမှ ရလဒ် (N=205)




**ရင်းမြစ်** – သုတေသီ

ထားရှိသောသဘောထားမှာ အတူတူဖြစ်သည်။ စစ်တမ်းကိုဖြေကြားသူ ၅၀ %မှာ ယောက်ျားလေးများဖြစ်ကြပြီး အခြား ၅၀ % မှာ မိန်းကလေးများဖြစ်ကြသည်။ ကရင်ပြည်နယ်ရှိ လူများစုဖြစ်သည့် ကရင်မျိုးနွယ်စု ၅၆ %သည် ထိုအဆိုကို သဘောတူခဲ့သည်။ ယောက်ျားလေးတစ်ယောက်က 'ယောက်ကျားလေးများသည် မိန်းကလေးများထက် ပို၍မြတ်သည်'ဟူ၍ ပေးခဲ့သည့် မှတ်ချက်မှာ မှတ်သားစရာ၊ စိတ်ဝင်စားစရာ ကောင်းပါသည်။ ၎င်းမှာ 'ယောက်ကျားလေးများသည် မိန်းကလေးများထက် လူ့အဖွဲ့အစည်း၏ ပိုမြင့်မြတ်သောအလွှာ၊ သာလွန်သည့် အုပ်စုထဲမှာပါဝင်သည်'ဟု ဆိုလိုခြင်းဖြစ်သည်။ ဓလေ့ထုံးတမ်းအရ အမျိုးသမီးများကို ကလေးမွေးရသူ၊ အိမ်ထောင်ထိန်းသိမ်းရသူများအဖြစ် မြင်ကြသည်။ လူမှုရေးစံတန်ဖိုးများနှင့် ပုံသေသတ်မှတ်ချက်များက အမျိုးသမီးများကို အားနွဲ့ပြီး မိသားစုထဲတွင် ဆုံးဖြတ်ချက်မချနိုင်သူများဟု ရှုမြင်ကြပြီး ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများတွင် နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းထဲတွင် လှုပ်ရှားဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များကို ဖြစ်ပေါ်စေပါသည် (GEN & Global Justice Center, 2016)။


မိန်းကလေးများနှင့် ယောက်ကျားလေးများအပေါ်ထားရှိသော ဆရာ/မများ၏ အမြင်များလည်း ကွဲပြားခြားနားမှုရှိသည်။ ၇၂ % ခန့်ရှိသော ဆရာ/မများ (၃၅ ဦး)က သင်္ချာဘာသာရပ်တွင် ယောက်ျားလေးများသည် မိန်းကလေးများထက် ပိုတော်ကြ

သည်ဟု ယုံကြည်ခဲ့ကြပြီး၊ ဆရာ/မ ၈၀ % ကမူ ယောက်ကျားလေးများသည် မိန်းကလေးများထက် အားကစားကို ပိုမြတ်နိုးသည်ဟု ထင်ကြသည်။ ဆရာ/မ ၈၀ % (၃၄ ဦး) ကမူ 'မိန်းကလေးများသည် ပို၍နာခံတတ်ကြသည်၊ ပို၍ ရိုသေလေးစားမှုရှိသည်၊ ပို၍ စာကြိုးစားကြသည်' ဟုယုံကြည်ကြသည်။ ၎င်းအပြင် အလွန်များပြားသော အရေအတွက်ဖြစ်သည့် ၉၁.၄ %သော ဆရာ/မများကလည်း မိန်းကလေးများသည် ပို၍ စိတ်ခံစားလွယ်သည်ဟု ယူဆခဲ့ကြသည်။ ထို့နောက် မိန်းကလေးများသည် ယောက်ကျားလေးများထက် ပြောဆိုဆက်ဆံရေးကောင်းသူများ ဖြစ်ကြသည်ဟု ထင်သော ဆရာ/မ ဦးရေ ၆၉ % ရှိခဲ့သည်။ စာသင်ကျောင်းများတွင် အတန်းခေါင်းဆောင် (monitor) ရွေးသည့်အခါ ဆရာ/မအများစုက ကျောင်းသားကိုရွေးကြပြီး ဆရာ/မအချို့ကမူ ကျောင်းသားတစ်ယောက်နှင့် ကျောင်းသူတစ်ယောက်ကို အတန်းခေါင်းဆောင်များအဖြစ် ရွေးသည်ဟု ပြောကြသည်။ ဆရာ/မ တစ်ယောက်ကလည်း 'ကျုပ်တို့က အတန်းခေါင်းဆောင်အဖြစ် ကျောင်းသားတွေကိုပဲ ရွေးချယ်တာ ဘာကြောင့်လဲဆိုတော့ လူရှေ့သူရှေ့ကို ထွက်ဖို့အတွက်ဆို ယောက်ကျားလေးတွေက ပိုသင့်တော်တယ်။ ပြီးတော့ ကုလားထိုင်တွေ၊ သောက်ရေတွေလိုဟာမျိုးတွေကို ကူသယ်ခိုင်းရတဲ့အခါ ယောက်ကျားလေးတွေက အားမာန်ရှိတာပေါ့' ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

**ယောက်ကျားလေး များသည် မိန်းကလေး များထက် ပို၍မြတ်သည် ...**

'မိန်းကလေးများထက် ယောက်ကျားလေးများက အထက်တန်းအောင်မြင်ရန် ပိုအရေးကြီးသည်' ဆိုသည့် အဆိုအတွက်လည်း ၃၉ % (၂၀၅ ဦး) သော ကျောင်းသား/သူများက 'သဘောတူသည်' ဆိုသည့်အချက်ကို ရွေးခဲ့ကြပြီး ၁၄ % က 'အခိုင်အမာ သဘောတူသည်' ဆိုသည့်အချက်ကို ရွေးခဲ့ကြပါသည်။ ၎င်းကျောင်းသား/သူများထဲတွင် ၄၈ %မှာ မိန်းကလေးများဖြစ်ကြပြီး ၆၁ %မှာ ကရင်မျိုးနွယ်စုဝင်များ ဖြစ်ခဲ့သည်။ ၎င်းအယူအဆမှာ 'အိမ်ထောင်စုတစ်စုတွင် ယောက်ကျားသည် အိမ်ထောင်ဦးစီးဖြစ်သည်။ အိမ်သူအိမ်သားများကို ထောက်ပံ့နိုင်ရန် ပိုမို ပညာတတ်ဖို့လိုသည်၊ အလုပ်ကောင်းကောင်း ရှိဖို့လိုသည်' ဆိုသည့် ယောက်ကျားကြီးစိုးသော အယူအဆများမှ ပေါ်ပေါက်လာဟန်တူသည်။ မြန်မာ့ယဉ်ကျေးမှုတွင် ယောက်ကျားသည် အများအားဖြင့် အိမ်ထောင်ဦးစီးဖြစ်ပြီး ဇနီးမယားများနှင့် မိသားစုဝင်များအပါအဝင် အိမ်သူအိမ်သားများကို အုပ်ချုပ်ရန် အခွင့်အာဏာ ရရှိထားကြသည် (Nwe, n.d.)။

**ပုံ (၁၃)** မိန်းကလေးများထက် ယောက်ကျားလေးများက အထက်တန်းအောင်မြင်ရန် ပိုအရေးကြီးသည် (N=205)




**ရင်းမြစ်** – သုတေသီ

## (၂) စုံလင်ကွဲပြားသူများ (LGBT) အပေါ် ထားရှိသော ပုံသေသတ်မှတ်ချက်များ

ယောက်ကျားများနှင့် မိန်းမများအပေါ် အခြေခံသော ပုံသေသတ်မှတ်ချက်များသည် ကျောင်းသား/သူများအချို့အတွက် စုံလင်ကွဲပြားသူများ (LGBT) အပေါ် ပုံသေသတ်မှတ်ချက်များ ဖြစ်ပေါ်လာစေရန်


> **သူတို့က ပိုမြတ်တဲ့ဘဝ ရထားပြီး မိန်းမတွေ ဖြစ်ချင်ကြတယ် ...**

ဖန်တီးပေးဟန်ရှိသည်။ ကျောင်းသား/သူများအကြားတွင် လိင်တူနှစ်သက်မှုကို ကြောက်ရွံ့မုန်းတီးသော စိတ်နေသဘောထားများ ရှိခဲ့ကြောင်း အချက်အလက်များက ဖော်ပြနေသည်။ စင်စစ်အားဖြင့် ‘စုံလင်ကွဲပြားသူများ (LGBT) အုပ်စုဝင်တစ်ယောက်ယောက်နှင့် အတန်းထဲတွင် အတူတူ စာမသင်ချင်ပါ’ဟု ထုတ်ဖော်ပြောဆိုသော ကျောင်းသား/သူ ၂၈ % (၂၀၂ ဦး) ရှိခဲ့ပြီး ၅၇ % (၂၀၂ ဦး) လောက်ကမူ အတူတူစာသင်ချင်သည်ဟု ပြောခဲ့ကြသည်။ ကျောင်းသား/သူ ၂၀ % (၂၀၃ ဦး)က ယောက်ျားလျာ/မိန်းမလျာ ဖြစ်သည်ဟုသိရပါက မိတ်ဆွေအဖြစ် ဆက်လက်မပေါင်းသင်းချင်ပါဟု ဆိုကြပြီး ၇၀ % ဝန်းကျင်ခန့်က ထိုသူတို့နှင့် မိတ်ဆွေဆက်ဖြစ်ချင်သည်ဟု ဆိုကြသည်။ ထိုသူများနှင့် မိတ်ဆွေမဖြစ်လိုသူများထဲက ၅၆ % မှာ ယောက်ျားလေးများဖြစ်ကြပြီး စစ်တမ်းဖြေဆိုသည့် ပျမ်းမျှရာခိုင်နှုန်းထက် ပိုများသည်ကိုတွေ့ရသည်။ အခြားမျိုးနွယ်စုများထက် ကရင်လူမျိုးများအကြားတွင် ထိုအနေအထားကိုတွေ့ရပြီး ထိုသူများနှင့် မိတ်ဆွေမဖြစ်လိုဟု ဖြေကြားသူစုစုပေါင်း၏ ၇၂ %ခန့် ရှိသည်။ ထိုသို့မိတ်ဆွေမဖြစ်လိုမှုသည် ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်များအကြားတွင် ပျံ့နှံ့ဖြစ်တည်နေကြောင်းတွေ့ရပြီး ၇၇ % နှင့် ၁၉ % အသီးသီးရှိသည်။ ဗုဒ္ဓဘာသာဝင် စစ်တမ်းဖြေဆိုသူ ကျောင်းသား/သူ ၇၃.၄ % ရှိပြီး ခရစ်ယာန် ၁၆ % ဝန်းကျင်ရှိသည်။ ကျောင်းသားတစ်ဦးက ‘သူတို့က ပိုမြတ်တာရထားပြီး မိန်းမတွေ ဖြစ်ချင်ကြတယ်’ဟု ဆိုကာ အမျိုးသားအချင်းချင်း စိတ်ဝင်စားသူများ (ယောက်ျားလျာ)အပေါ် ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ဆိုလိုသည်မှာ ၎င်းတိုသည် မြန်မာလူမျိုးအများစုက ယုံကြည်ထားသည့် ယောက်ျားတို့၏ဘုန်းဖြင့် မွေးလာပြီး ထိုဘုန်းကို စွန့်လွှတ်ကာ ထိုထက်နိမ့်ကျသော လူတန်းစားအလွှာများနှင့် သက်ဆိုင်သူများ ဖြစ်ချင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့ရာတွင် ကျောင်းသား/သူတစ်ယောက်သည် စုံလင်ကွဲပြားသူများ (LGBT) အုပ်စုဝင်တစ်ယောက် ဖြစ်နေသည်ဟုထင်သောအခါ၊ ယောက်ျားလေးတစ်ယောက်က မိန်းကလေးလို ပြုမူသောအခါ သို့မဟုတ် မိန်းကလေးတစ်ယောက်က ယောက်ျားလေးကဲ့သို့ ပြုမူသောအခါ နောက်ပြောင်ကျီစယ်တတ်ကြသည်ဟု ကျောင်းသား/သူများက ဝန်ခံကြပြီး ကိုယ်ထိလက်ရောက် စော်ကားခြင်းကို မပြုလုပ်ကြပါဟု ပြောကြသည်။

အစီရင်ခံစာများအရလည်း စုံလင်ကွဲပြားသူများ (LGBT) ကို ထိုဒေသတွင် လူမှုရေးအရ လက်မခံနိုင်မှုများ ရှိနေသေးသည်ကို တွေ့ရသည်။ ထို့အပြင် ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ အထင်မြင်သေးမှုကို ခံကြရပြီး မကြာခဏ လှောင်ပြောင်ခြင်းနှင့် အများကြားအရှက်ရစေခြင်းများကို ကြုံတွေ့ရသည်။ (Myint & Htwe, 2017)။ ကျောင်းများ၌လည်း ဆရာ/မများကိုယ်တိုင် စုံလင်ကွဲပြားသူများ (LGBT) ကျောင်းသား/သူများအား ‘ခွဲခြားဆက်ဆံခြင်း’ကို တွေ့ရတတ်ပြီး ထိုသို့ဆက်ဆံခြင်းသည် ၎င်းတို့ကို ကျောင်းမှထွက်သွားစေနိုင်သည့် သက်ရောက်မှုရှိပါသည် (Myanmar ICT Sector Wide Impact Assessment, 2015)။ အချို့သော စုံလင်ကွဲပြားသူများ (LGBT) အုပ်စုဝင် ကျောင်းသား/သူများက မိမိတို့၏ လိင်စိတ်တိမ်းညွှတ်မှုကို ထင်ဟပ်စေသော အဝတ်အစားများကို ဝတ်ဆင်ကြသောအခါ ကျောင်းများတွင် သက်တူရွယ်တူ အတန်းဖော်များ၏ အနိုင်ကျင့်ရိုက်နှက်ခြင်းများကို ခံကြရပြီး ဆရာ/မများကလည်း အရေးယူဆောင်ရွက်ခြင်းမရှိပေ (Myanmar LGBT Pride Out in Force, 2019)။

စုံလင်ကွဲပြားသူများ (LGBT) အပေါ် ဆရာ/မများ၏ သဘောထားအမြင်များသည် ၎င်းအုပ်စုနှင့်ဆိုင်သော အတွေ့အကြုံနှင့် ဗဟုသုတနည်းပါးမှုကိုလည်း ပြသနေသည်။ စုံလင်ကွဲပြားသူ (LGBT) တစ်ယောက် ဖြစ်နေရခြင်းမှာ ၎င်းတို့၏ စဉ်းစားပုံ/စိတ်ကြောင့်ဟု ထင်ကြသော ဆရာ/မ ၅၄.၃ % (၃၅ ဦး) ရှိခဲ့ပါသည်။ ထိုရာခိုင်နှုန်းထဲမှ ၄၀ % မှာ လုပ်သက် ၂၁ နှစ် နှင့်အထက်တွင်ရှိသော ဆရာ/မများဖြစ်ကြသည်။ ၃၅ % လောက်က ထိုသို့ဖြစ်ခြင်းမှာ မွေးရာပါဟုဆိုကြပြီး အချို့က လုပ်ဖော်ကိုင်ဖက်များနှင့် မိသားစုနောက်ခံ အကြောင်းတရားများကြောင့် ဖြစ်သည်ဟုထင်ကြောင်း ဖြေကြားမှုလည်း ရှိခဲ့ပါသည် (ပုံ-၁၄ ကို ရှုပါ)။

**ပုံ (၁၄)** မိန်းကလေးများထက် ယောက်ျားလေးများက အထက်တန်းအောင်မြင်ရန် ပိုအရေးကြီးသည် (N=205)




**ရင်းမြစ် –** သုတေသီ

**အနှစ်ချုပ်အားဖြင့် ကျောင်းသား/သူများနှင့် ဆရာ/မများ၏ စိတ်နေသဘောထားသည် ယောက်ျားနှင့်မိန်းမများ အကြား မတူညီသော ပုံသေသတ်မှတ်မှုများရှိကြောင်း တွေ့ရသည်။ မိန်းမများသည် ယောက်ျားများထက် တစ်ဆင့် နိမ့်သော လူမှုရေးအလွှာထဲတွင်ပါဝင်သည်ဟူသော ထင်မြင်ချက်သည် ကျောင်းသား/သူများ၏ စိတ်ထဲတွင် စွဲနေ သည်။ စုံလင်ကွဲပြားသူများ (LGBT) ၏ ဖြစ်တည်မှုဆိုင်ရာ အယူအဆများကို ကျောင်းအသိုက်အဝန်းအတွင်း ကောင်း စွာ အသိအမှတ်ပြုခြင်း မရှိသေးပေ။ ထို့အပြင် အမျိုးမျိုးသော ဗိုမလက္ခဏာများနှင့် လိင်စိတ်တမ်းညွှတ်မှုများနှင့် ပတ်သက်၍လည်း ကျောင်းသား/သူများနှင့် ဆရာ/မတို့အကြားတွင် ကောင်းစွာ သိနားလည်မှုမရှိသေးပေ။**

## စနစ်ပိုင်းဆိုင်ရာ အကန့်အသတ်များ

ဤအပိုင်းတွင်ကရင်ပြည်နယ်ရှိစာသင်ခန်းသို့မဟုတ်ကျောင်းများ၌လူမှုရေးအရအားလုံးပါဝင်မှုကိုအဟန့်အတားဖြစ်စေသည့် စနစ်ပိုင်းဆိုင်ရာ အတားအဆီးများအကြောင်းကို ဆွေးနွေးထားသည်။ ထို့ကြောင့် ယဉ်ကျေးမှုအရ မတူကွဲပြားမှုနှင့် ခွဲခြား ဆက်ဆံမှုမရှိခြင်းတို့ကို အားပေးမြှင့်တင်ပေးရန်၊ အနိုင်ကျင့်မှုများအား လျှော့ချရန်အတွက် ကျောင်းများတွင် ချမှတ်ထားသော မူဝါဒများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆရာ/မများ၏ထင်မြင်ချက်များကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့သည်။

ကျောင်းတွင်း လူမှုအသိုင်းအဝိုင်းတွင် အားလုံးပါဝင်မှုအတွက် စနစ်ပိုင်းဆိုင်ရာ အတားအဆီးများနှင့် ပတ်သက်သော အချက် အလက်များ ရရှိစေရန် အောက်ပါမေးခွန်းများကို မေးမြန်းခဲ့ပါသည်။

(၁) တရားဝင်ချမှတ်ထားခြင်းမဟုတ်သော၊ ကျောင်းစာနှင့်မသက်ဆိုင်သည့် လုပ်ရှားမှုများကို ကျောင်းများတွင် မည်သို့ပြုလုပ်ဆောင်ရွက်ပုံ

(၂) အနိုင်ကျင့်ခြင်း၊ နှုတ်ဖြင့်ထိပါးနှောက်ယှက်ပြောဆိုခြင်းနှင့် သက်ဆိုင်သော အဖြစ်အပျက်များကို ဆရာ/မများက မည်သို့ ကိုင်တွယ်ဖြေရှင်းပုံ

(၃)နောက်ခံ အားနည်းချက်များကြောင့် နောက်ကျကျန်လေ့ရှိသော ကျောင်းသား/သူများကို ဆရာ/မများက မည်သို့အရာသွင်းပုံ။

ယေဘုယျအားဖြင့် တွေ့ရှိချက်များက အကြံပြုဖော်ပြသည်မှာ-

- **ကျောင်းများတွင်အနိုင်ကျင့်ခြင်းကိုဆန့်ကျင်ခြင်း၊ယဉ်ကျေးမှုဆိုင်ရာမတူကွဲပြားမှုခွဲခြားဆက်ဆံမှုမရှိခြင်းတို့ကို အားပေးမြှင့်တင်ပေးရန် ချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအစဉ်များ မရှိခြင်းပါ။**
- **စာသင်ခန်းထဲမှ ပေါ်ပေါက်လာသော အချင်းကိစ္စများနှင့်ပတ်သက်၍ကြားဝင်ဖြေရှင်းရာတွင် ဆရာ/မများသည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသည်။**

> အဲဒီလို မူဝါဒ၊ အစီအစဉ်တွေ မရှိပါဘူး။ ကျောင်းမှာပြုလုပ်တဲ့ လုပ်ငန်းစဉ်တွေကို အထက်က ချမှတ် ပေးထားတာပါ ...

**ယဉ်ကျေးမှုမတူကွဲပြားခြင်းများကို အားပေးမြှင့်တင်ခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း**

ယဉ်ကျေးမှုအရ မတူကွဲပြားခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းကို အားပေးမြှင့်တင်ပေးခြင်းသည် မတူကွဲပြားသော ရေခံမြေခံမှလာသည့် ကျောင်းသား/သူတိုင်း အခွင့်အလမ်းများ ရရှိစေရန်နှင့် အခြားသူများကဲ့သို့ အကျိုးရလဒ်များ ရရှိစေရန်အတွက် အရေးပါပါသည်။ 'အားလုံး အကျုံးဝင်စေခြင်း'နှင့် လူအုပ်စုအမျိုးမျိုး၏ ယုံကြည်ချက်များ၊ တန်ဖိုးထားမှုများ၊ ဓလေ့များနှင့်ပတ်သက်သော ဗဟုယဉ်ကျေးမှု အသိပညာကို ပြုစုပျိုးထောင်ပေးရန် အလွန်ပင်အရေးကြီးပါသည်။ 'အားလုံးပါဝင်စေခြင်း/အကျုံးဝင်စေခြင်း'နှင့် ဗဟုယဉ်ကျေးမှု အသိအမြင်များသည် ကျောင်းသား/သူများ၏ လူမှုရေးဆိုင်ရာ 'လက်ခံနိုင်မှု'ကို ပွားများစေပြီး ကျောင်းသား/သူများအား 'မတူကွဲပြားမှု' တိုးပွားလာနေသော လူ့အဖွဲ့အစည်းနှင့် တပြေးညီဖြစ်စေရန် အသင့်ပြင်ပေးပါသည် (The Importance of Diversity & Cultural Awareness in the Classroom, n.d)။

မြန်မာနိုင်ငံရှိ လူနည်းစုတိုင်းရင်းသားများသည် ၎င်းတို့၏ယဉ်ကျေးမှု၊ ပညာရေး၊ ဘာသာစကား၊ သမိုင်းနောက်ကြောင်းများတို့နှင့် ဆက်စပ်ပြီး ချိုးနှိမ်ခံရပြီး ခွဲခြားဆက်ဆံခံရခြင်းများရှိသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူနည်းစုတိုင်းရင်းသားများသည် အကြမ်းဖက်မှု၊ အနိုင်ကျင့်စော်ကားမှု၊ နှိပ်စက်မှုများအပါအဝင် စစ်ရာဇဝတ်မှုများကို မကြာခဏ ကျူးလွန်ခံရသည် (Amnesty, 2017)။ ကရင်ပြည်နယ်သည် ၁၉၄၉ ခုနှစ်မှစ၍ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြားရှိ လက်နက်ကိုင်ပဋိပက္ခများကို အခံရဆုံး နေရာများထဲမှ တစ်ခုဖြစ်သည်။ ပဋိပက္ခများသည် ကရင်ပြည်နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများနှင့် ကရင်ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းများအပေါ် များစွာ သက်ရောက်မှုရှိပါသည်။ ဤပဋိပက္ခ၏ အကျိုးဆက်အနေဖြင့် လူဦးရေများစွာ နေရပ်စွန့်ခွာရပြီး မွန်ပြည်နယ်ပြီးလျှင် ဒုတိယအများဆုံးဖြစ်သည်။ များစွာသော နေရပ်စွန့်ခွာသွားသူများသည် ဆယ်စုနှစ်များစွာကြာ ပဋိပက္ခဖြစ်ပြီးနောက် ယနေ့တိုင် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိကြသည် (Myanmar Population and Housing Census, 2014)။

ဤအပိုင်းများတွင် တွေ့ရှိချက်များကို အောက်ပါအတိုင်းအပိုင်း လေးပိုင်းခွဲ၍ ဆွေးနွေးထားသည်။

(၁) မတူကွဲပြားသော ယဉ်ကျေးမှုများအား အားပေးမြှင့်တင်ခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အနိုင်ကျင့်မှုကို ဆန့်ကျင်ခြင်းနှင့်ပတ်သက်၍ ချမှတ်ထားသော မူဝါဒ/အစီအစဉ်များ

(၂) ယဉ်ကျေးမှုအမျိုးမျိုးကွဲပြားခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အနိုင်ကျင့်မှုကို ဆန့်ကျင်ခြင်း စသည်တို့ကို အားပေးမြှင့်တင်ပေးသော လှုပ်ရှားမှု၊ ဆောင်ရွက်မှုများ။

(၃) အနိုင်ကျင့်ခြင်းနှင့် ထိပါးပြောဆိုခြင်းအတွက် ကြားဝင်ဖြေရှင်းပေးခြင်းနှင့်

(၄) ကျောင်းအဆင့်၌ လူတိုင်းအကျုံးဝင်မှုနှင့်ဆိုင်သော အရေးပါသည့် အစီအစဉ်များကို လုပ်ဆောင်ပေးခြင်း။


**(၁) မတူကွဲပြားသောယဉ်ကျေးမှုများအားပေးမြှင့်တင်ခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အနိုင်ကျင့်မှုကိုဆန့်ကျင်ခြင်းနှင့် ပတ်သက်၍ ချမှတ်ထားသော မူဝါဒ/အစီအစဉ်များ**

မူဝါဒများသည် လမ်းညွှန်မှုကိုပေးခြင်း၊ အခြေခံ အတွေးအခေါ်အယူအဆများကို ချမှတ်ပေးနိုင်ခြင်း၊ လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ပြီးမြောက်စေနိုင်ခြင်းတို့ကြောင့် အလွန်အရေးပါသည်။ အနိုင်ကျင့်သည့်ဖြစ်ရပ်များနှင့် မလျော်ကန်သည့် အမူအကျင့်များကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန် ကျောင်းများတွင် မူဝါဒများရှိရန် အရေးကြီးပါသည်။ ၎င်းအပြင် ဆရာ/မများ၊ မိဘများနှင့် ကျောင်းသား/သူများကလည်း ထိုမူဝါဒ အစီအစဉ်များအား ကောင်းစွာ သတိပြုရန် လိုအပ်ပါသည် (Department of

Education UK, 2018)။ ကျွန်ုပ်တို့ စစ်တမ်းကောက်ယူခဲ့သည့် ဆရာ/မများအထဲတွင် မတူကွဲပြားသော ယဉ်ကျေးမှုများကို အားပေးမြှင့်တင်ခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း သို့မဟုတ် ၎င်းတို့ထဲမှ တစ်ခုခုကို အားပေးမြှင့်တင်သည့်မူဝါဒ သို့မဟုတ် အစီအစဉ်များ ကျောင်းများတွင်ရှိသည်ဟု ယူဆသောသူ မရှိသလောက်နည်းပါသည်။ အနည်းစုသောဖြေကြားသူ ၅.၇ % (၃၅ ဦး) က ယဉ်ကျေးမှုကွဲပြားမှုကို အားပေးမြှင့်တင်ပေးမည့် မူဝါဒ သို့မဟုတ် အစီအစဉ်ရှိသည်ဟု ထင်မြင်ယူဆကြသည်။ ၂၇ % လောက်က ခွဲခြားဆက်ဆံမှုမရှိခြင်းကို အားပေးမြှင့်တင်ပေးမည့် မူဝါဒ သို့မဟုတ် အစီအစဉ် ရှိသည်ဟု ထင်မြင်ယူဆခဲ့ကြပြီး ၄၄ % လောက်က အနိုင်ကျင့်မှုဆန့်ကျင်ရေးကို အားပေးမြှင့်တင်ပေးမည့် မူဝါဒ သို့မဟုတ် အစီအစဉ်ရှိသည်ဟု ထင်ကြပါသည်။ သို့ရာတွင် ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံမေးမြန်းရာတွင် ကျောင်းအုပ်ကြီး (၁) က ‘အဲဒီလို မူဝါဒ/အစီအစဉ်တော့ မရှိပါဘူး ကျောင်းမှာပြုလုပ်တဲ့ လုပ်ငန်းစဉ်တွေကို အထက်က ချမှတ်ပေးထားတာပါ’ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့ရာတွင် ကလေးငယ်များအချင်းချင်း ပြုမူဆက်ဆံပုံနှင့်ပတ်သက်သော စံသတ်မှတ်ချက်များနှင့် အလေ့အထများ သင်ကြားပေးရာတွင် ဆရာ/မများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း ပြောဆိုခဲ့သည်။

**မတူကွဲပြားသော ယဉ်ကျေးမှုအမျိုးမျိုးနှင့် အစဉ်အလာအလေ့အထများကို လေးစားတန်ဖိုးထားတတ်ရန်နှင့် အနိုင်ကျင့်ခြင်းနှင့် နှုတ်ဖြင့် ထိပါးနှောင့်ယှက်ပြောဆိုခြင်းတို့ကို ကာကွယ်ပေးရန် တရားဝင်ချမှတ်ထားသော မဟာဗျူဟာများမရှိဟု ကောက်ချက်ချနိုင်ပါသည်။**

ပုံ (၁၅) ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုကို မြှင့်တင်နိုင်ရန် မိမိတို့ကျောင်းတွင် ×××××××××× ရှိသည်။
(ဆရာများကို စစ်တမ်းကောက်ယူမှု ရလဒ်)





**ရင်းမြစ်** – သုတေသီ

## (၂) မတူကွဲပြားသောယဉ်ကျေးမှုများကို အားပေးမြှင့်တင်ခြင်း ၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အနိုင်ကျင့်မှုကို ဆန့်ကျင်ခြင်းအား အားပေးအားမြှောက်ပြုသော ကျောင်းတွင်းလှုပ်ရှားမှုများ

တွေ့ဆုံမေးမြန်းမှုပြုလုပ်စဉ် ကျောင်းအုပ်ကြီးတစ်ဦးက တစ်နှစ်စာလုပ်ငန်းစဉ်တွင် မတူကွဲပြားသောယဉ်ကျေးမှုကို အားပေးမြှင့်တင်ပေးရန် ရည်ရွယ်သော ကျောင်းတွင်းလှုပ်ရှားမှုများမရှိဟု ဆိုသည်။ ကျောင်းတွင်း စီစဉ်ကျင်းပသော လုပ်ငန်းစဉ်များကို ပညာသင်နှစ်အစကတည်းက စီစဉ်ချမှတ်ထားကြသည်။ သင်ခန်းစာနှင့်မဆိုင်သော လစဉ်လုပ်ဆောင်ရမည့် လုပ်ငန်းများတွင် အာဇာနည်နေ့အခမ်းအနား ကျင်းပခြင်း၊ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပေးဟောပြောပွဲများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ ပညာပေးပွဲများနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရန် သစ်ပင်စိုက်ပျိုးရေး အစီအစဉ်များကဲ့သို့သော လုပ်ငန်းများ ပါဝင်လေ့ရှိသည်။ အဆိုပါနေ့များတွင် ပုံမှန်လုပ်လေ့ရှိသည့် လှုပ်ရှားဆောင်ရွက်ချက်များမှာ အထူးဟောပြောပွဲများ သို့မဟုတ် စာစီစာကုံးပြိုင်ပွဲများ ဖြစ်ပါသည်။

**ပုံ (၁၆)** နိုင်ထက်စီးနင်း ပြုမူပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် မိမိတို့ကျောင်းတွင် **............** ရှိသည်။
(ဆရာများကို စစ်တမ်းကောက်ယူမှု ရလဒ်)




**ရင်းမြစ်** – သုတေသီ

**(ခရစ်ယာန်မဟုတ်တဲ့) ဆရာမတွေက သူတို့ရဲ့ကလေးကို ဦးဆောင်မှု မရှိတော့ သူတို့ဘာသာရေးနှင့် စပ်ဆိုင်သော လုပ်ဆောင်မှုများ မရှိကြောင်း ...**

တိုင်းရင်းသားလူနည်းစုများ၏ ယဉ်ကျေးမှုကို မြှင့်တင်ပေးသည့် ဆောင်ရွက်မှုများ မရှိသလောက် နည်းပါးကြောင်း တွေ့ရသည်။ သို့သော် ကျောင်းအုပ်ကြီးတစ်ဦး၏ ပြောကြားချက်အရ မိမိတို့ကျောင်းတွင် လူနည်းစု တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများအား ကျောင်းသား/မိဘ/ဆရာ စုံညီပွဲတော်တွင် ကိုယ်စားပြုဖော်ပြနိုင်စေရန် ပြုလုပ်ကြောင်းပြောခဲ့သည်။ ထိုသို့ဖော်ပြရာတွင် ကျောင်းမှ တာဝန်ရှိသူတို့သည် ကျောင်းသား/သူများအား ၎င်းတို့သက်ဆိုင်ရာ လူမျိုးစုအလိုက် ရိုးရာအကနှင့် သီချင်းများဖြင့် ပွဲတော်အတွင်း ကပြဖျော်ဖြေစေခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း ကျောင်းအုပ်ကြီးတစ်ဦးက ရိုးရာပွဲတော်များကို ကျောင်းတွင်ကျင်းပခြင်းထက် ‘ကရင်ရိုးရာ ချည်ဖြူဖွဲ့(လက်ချည်) မင်္ဂလာ’ပွဲကဲ့သို့ နှစ်စဉ်ကျင်းပသော မြို့နယ်အဆင့် ရိုးရာပွဲတော်များရှိကြောင်း တင်ပြခဲ့သည်။ ထိုအခမ်းအနားများတွင် ပါဝင်ရန် ကျောင်းသား/သူများကိုရွေးချယ်ပြီး ၎င်းတို့ သက်ဆိုင်ရာ တိုင်းရင်းသားဝတ်စုံများဝတ်ဆင်ကာ တက်ရောက်စေခဲ့သည်။

ထို့အပြင် အချို့ကျောင်းများတွင် မတူညီသောဘာသာရေးပွဲများ ဥပမာအားဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် ဆိုင်သော ကထိန်ပွဲ၊ ခရစ်ယာန်ဘာသာဝင်များနှင့်ဆိုင်သော ခရစ်စမတ်ပွဲတော်တို့ကို ကျင်းပသည့် အလေ့အထလည်း ရှိသည်။ ကျောင်းတွင် ကျင်းပသော လူမျိုးစု၊ ဘာသာရေးနှင့်သက်ဆိုင်သော ပွဲများမှာ များသောအားဖြင့် ကျောင်းတွင်ရှိသော လူများစုကို ကိုယ်စားပြုသောပွဲများ ဖြစ်သည်။ စစ်တမ်းကောက်ယူထားသော ကျောင်းအများစုမှာ ဗုဒ္ဓဘာသာ လူများစုကျောင်းများဖြစ်ပြီး ခရစ်ယာန် အသိုင်းအဝိုင်းတွင် သီးသန့်တည်ရှိနေသော ကျောင်းတစ်ကျောင်းပါရှိသည်။ ထိုကျောင်း၏ ကျောင်းသင်ခန်းစာပြင်ပ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆောင်တာများမှာ ခရစ်ယာန်ဘာသာနှင့် ဆက်စပ်လျက်ရှိကြောင်း တွေ့ရသည်။ ထိုကျောင်းမှ ကျောင်းတာဝန်ခံက ‘(ခရစ်ယာန်မဟုတ်တဲ့) ဆရာမတွေက သူတို့ရဲ့ကလေးကို ဦးဆောင်မှုမရှိတော့ သူတို့ဘာသာရေးနှင့်စပ်ဆိုင်သော လုပ်ဆောင်မှုများ မရှိကြောင်း’ ပြောဆိုခဲ့သည်။ ထိုဘာသာဝင် ကျောင်းသား/သူ အရေအတွက်မှာ အလွန်နည်းသောကြောင့် ၎င်းတို့၏ ဘာသာရေးဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပေဟုလည်း ဆက်လက်ပြောဆိုခဲ့သည်။ တစ်နည်းအားဖြင့် လူနည်းစုဖြစ်သော မျိုးနွယ်စုမှ ကျောင်းသား/သူများသည် အင်အားနည်းသောကြောင့် ထိုကဲ့သို့ ဘာသာရေးပွဲတော်များ လုပ်ဆောင်ရန် အဆင်မပြေ ဖြစ်တတ်ကြသည်။ အကယ်၍ ထို လူနည်းစုကျောင်းသား/သူများသည်

အရေအတွက်တစ်ခုအထိ ရှိပြီး ဦးဆောင်မှုရှိပါက ကျောင်းအတွင်း ၎င်းတို့၏ ယဉ်ကျေးမှုအစီအစဉ်များ ရှိနိုင်မည်ဖြစ်သည်။

**စနစ်တကျ ချမှတ်ထားသော စီမံချက်များမရှိသော်လည်း ကျောင်းအတွင်း ဘာသာရေးနှင့် ရိုးရာပွဲတော်များကျင်းပရန် အခွင့်အရေး အထိုက်အလျောက်ရှိသည်ကို တွေ့ရသည်။**

## (၃) အနိုင်ကျင့်မှုနှင့် နှောင့်ယှက်စော်ကားမှုများကို ကြားဝင်ဖျန်ဖြေခြင်း

### အနိုင်ကျင့်မှုဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရန် စီမံချက်များ

ကျောင်းတွင် ကျောင်းသား/သူများ အနိုင်ကျင့်ခံရသည့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် အသင့်တော်ဆုံးမှာ ဆရာ/မများ၊ ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းတာဝန်ရှိသူများသာ ဖြစ်သည်။ ပြဿနာတိုင်းအတွက် တစ်ခုတည်းသော ဖြေရှင်းနည်း သို့မဟုတ် အဖြေဟူ၍ မရှိပါ (Department of Education UK, 2018)။ စစ်တမ်းကောက်ယူထားသော ကျောင်းသား/သူ ၄၁.၉ % (၂၀၅ ဦး)မှာ အငြင်းပွားမှုဖြစ်ရပ်များတွင် ဆရာ/မများ ကြားဝင်ဖြေရှင်းပေးသည်ကို မြင်ဖူးကြောင်း ဖြေဆိုထားသည်။ ဖြေဆိုသူတစ်ယောက်၏ ပြောကြားချက်အရ ပြဿနာ ကြီးကြီးမားမားမဟုတ်လျှင် ၎င်းတို့ကိုယ်တိုင် ဖြေရှင်းပေးလိုက်ပြီး အနာဂတ ထိခိုက်မှုများရှိသည်ဆိုပါက နှစ်ဖက်မိဘကိုခေါ်ပြီး ဆွေးနွေးစေခဲ့ကြောင်း သိရသည်။ 'ကြီးကြီးမားမား မဟုတ်သော' ပြဿနာဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်မှုမရှိသော အချင်းချင်း စနောက်ခြင်း၊ စကားများခြင်း၊ စကားအရ တိုက်ခိုက်ခြင်းများကို ဆိုလိုသည်။ ဆရာ/မများက ထိုသို့သောပြဿနာများကို ဖြေရှင်းပုံနှင့်ပတ်သက်၍ ကျောင်းသူတစ်ယောက်က 'ကျူးလွန်သူကို ဆူမယ်၊ နောက်တစ်ခါထပ်မလုပ်ဖို့၊ ပြီးရင် လိုက်လျောညီထွေစွာနဲ့ စည်းကမ်းတကျနေတတ်ဖို့ ဆုံးမပါတယ်' ဟု ပြောပြခဲ့သည်။

တွေ့ဆုံမေးမြန်းခြင်းတစ်ခုတွင် ကျောင်းတာဝန်ခံ(၁)မှ မိမိ၏ကျောင်းတွင် အနိုင်ကျင့်မှု၊ ခိုက်ရန်ဖြစ်ပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု ဖွဲ့စည်းထားသည်ဟု ပြောဆိုခဲ့သည်။ ထိုအဖွဲ့တွင် ဆရာ/မ ငါးဦးပါဝင်ပြီး မိမိတို့၏ စာသင်ချိန်မဟုတ်သော အားလပ်ချိန်များတွင် စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုရသည်။ ထိုဆရာ/မများသည် ကျောင်းသား/သူများအတွက် အမှတ်ပေးစည်းမျဉ်းပါ စီစဉ်ထားကြကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံရှိ ကျောင်းများတွင် ကျောင်းသားကောင်စီ၏ လက်အောက်တွင် ဖွဲ့စည်းထားသော အသင်းငါးသင်းရှိသည်။ ကျောင်းကောင်စီကို သင်ခန်းစာပြင်ပလုပ်ဆောင်မှုများ၊ လူမှုလုပ်ရှားမှုများပြုလုပ်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဤကျောင်းတွင်မူ ကျောင်းသား/သူများသည် ၎င်းတို့နှင့်ရွယ်တူ သူငယ်ချင်းများ၏ အပြုအမူ၊ အမူအရာများကို စောင့်ကြည့်စစ်ဆေးရန် လိုအပ်သည်။ အကယ်၍ ကျောင်းသား/သူတစ်ယောက်မှ လက်မခံနိုင်သော အပြုအမူများဖြစ်သည့် အနိုင်ကျင့်ခြင်း၊ နှောင့်ယှက်စော်ကားခြင်း ပြုလုပ်သည်ကိုမြင်ပါက ဆရာ/မများထံ တင်ပြရမည်ဖြစ်သည်။ စာသင်နှစ်နောက်ဆုံးတွင် ဆရာ/မများသည် အသင်းသားများ၏အပြုအမူအရ သက်ဆိုင်ရာအသင်းကို အမှတ်ပေးကာ အဆင့်သတ်မှတ်ပေးကြသည်။ ကျောင်းအနေအထားအရ စီမံခန့်ခွဲရန် စုစုပေါင်း ဆရာ/မ ၁၉ ဦးသာရှိသောကြောင့် ထိုနည်းလမ်းမှာ ထိရောက်သည်ဟု ဆိုနိုင်သည်။ အချိန်အများစုတွင် ဆရာ/မများ ရှိနေသောကြောင့် ကျောင်းသားများကြား ခိုက်ရန်ဖြစ်ပွားမှုများ လျော့ကျခဲ့ပြီး နောက်ပိုင်းတွင် ကျောင်းသား/သူအချင်းချင်း တစ်ခါတစ်ရံ စနောက်ခြင်းမှလွဲ၍ ရန်ဖြစ်ခြင်း၊ စကားများခြင်းများ အတွေ့နည်းသွားသည်ဟု ဆိုသည်။


**အချုပ်အားဖြင့်ဆိုရသော် ကျောင်းတွင် အနိုင်ကျင့်မှုနှင့် နှောင့်ယှက်စော်ကားခြင်း တိုက်ဖျက်ရေးအတွက် ချမှတ်ထားသော မူဝါဒ၊ စီမံချက်များ မရှိသော်လည်း ကျောင်းပတ်ဝန်းကျင်အတွင်း၊ စာသင်ခန်းအတွင်း ဆိုးရွားသော အပြုအမူများ၊ လက်မခံနိုင်သောအပြုအမူများ ဖြစ်ပေါ်လာပါက ဆရာ/မများအနေဖြင့် ကြားဝင်ဖျန်ဖြေပေးကြသည်ကို တွေ့ရသည်။ ဖြေရှင်းရာတွင်လည်း ဆရာ/မများ၏ 'ဆိုးရွားသောအပြုအမူများ' အပေါ် ကောက်ချက်ချမှု ကွဲလွဲနိုင်သည်ဖြစ်ရာ ရလဒ်အနေဖြင့် ထိုအပြုအမူ တစ်မျိုးတည်းအပေါ် တုံ့ပြန်မှုပုံစံများ ကွဲပြားသွားနိုင်သည်။ ၎င်းဆရာ/မများ၏ မှန်ကန်သော အပြုအမူအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ပတ်ဝန်းကျင်၏ သတ်မှတ်ချက်များနှင့် အလားတူဖြစ်နေနိုင်ပြီး ၎င်းတို့လက်ခံထားသော စံသတ်မှတ်ချက်များအရ ပုဂ္ဂလဓိဋ္ဌာန် သဘောမျိုး ဖြစ်သွားနိုင်သည်။**

> စပါးစိုက်ပျိုးရေးလိုမျိုး ပြဋ္ဌာန်းစာအုပ်မှာ ပါလေ့ရှိတဲ့ သင်ခန်းစာတွေဟာ ဒီဒေသက နေ့စဉ်လုပ်ငန်းတွေကို ထင်ဟပ်မှုမရှိတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေ အတွက်လည်း ပုံဖော်ကြည့်ဖို့ခက်တယ်။ သင်ကြားတဲ့အချိန်က တခြားဘာသာရပ်တွေလိုပဲ ၃၅ မိနစ်ဖြစ်တယ်။ ဒါပေမဲ့ အချိန်ကမလောက်ဘူး ...

### အနိုင်ကျင့်မှုဖြစ်ရပ်များကို တင်ပြခြင်း/တိုင်တန်းခြင်း

စစ်တမ်းကောက်ယူထားသော ကျောင်းသား/သူများ (စုစုပေါင်း ၂၀၅ ဦး)၏ ၆၀ % မှာ အနိုင်ကျင့်ခံရမှု၊ နှောင့်ယှက်စော်ကားမှုများကို ထုတ်ဖော်တင်ပြခဲ့ဖူးခြင်း/တိုင်ကြားဖူးခြင်း မရှိကြောင်း တွေ့ရသည်။ ကျောင်းသား/သူ ၂၀၅ ဦးထဲမှ ၅၅ %မှာ မိမိတို့၏သူငယ်ချင်းများ အနိုင်ကျင့်ခံရသည်ကို ကြုံဖူးကြောင်း ဖြေဆိုခဲ့သည်။ မိန်းကလေးအများစုမှာ ထိုသို့ အနိုင်ကျင့်မှု၊ နှောင့်ယှက်စော်ကားမှုများကို ပြောဆိုတိုင်ကြားရန် ဖြစ်နိုင်ခြေပိုနည်းသည်။ ထိုကဲ့သို့ တိုင်ကြားဖူးခြင်း မရှိသူများအနက် ၅၈ % မှာမိန်းကလေးများဖြစ်ကြသည်(ပုံ-၁၇ ကိုရှုပါ)။ ထို့ပြင်ခရစ်ယာန်ဘာသာဝင်ကျောင်းသား/သူများ

ပုံ (၁၇) နိုင်ထက်စီးနင်း ပြုမှု သို့မဟုတ် ထိပါးနှောင့်ယှက်မှုတို့ကို မတိုင်ကြားဖူးသော ကျောင်းသားရာခိုင်နှုန်း (N=205)




**ရင်းမြစ်** – သုတေသီ

မှာလည်း အနိုင်ကျင့်ခံရခြင်း၊ နှုတ်ပိုင်းဆိုင်ရာအရ နှောင့်ယှက်စော်ကားခံရခြင်းများကို ထုတ်ဖော်တိုင်ကြားမှု ပိုနည်းကြောင်း တွေ့ရှိရသည်။ စစ်တမ်းကောက်ယူထားသူ စုစုပေါင်းတွင် ခရစ်ယာန်ဘာသာဝင် ၁၆ % ဝန်းကျင် ရှိပြီး ထုတ်ဖော်ပြောဆိုခြင်းမရှိသူများ၏ ၂၃ % မှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်။

ထိုကဲ့သို့ တိုင်ကြားမှုများ နည်းပါးရခြင်းအကြောင်းအရင်းအချို့ကို ကျောင်းသား/သူများက အဖွဲ့လိုက်ဆွေးနွေးမှုများတွင် တင်ပြခဲ့သည်။ ပထမဦးစွာ ကျောင်းတွင်ဖြစ်လေ့ဖြစ်ထရှိပြီး နှုတ်အရနှောင့်ယှက်မှုဟု ဆိုနိုင်သည့် ဆဲဆိုခြင်း၊ စနောက်ခြင်း၊ သရော်ခြင်းနှင့် အခြားပုံစံများသည် တစ်ခါတစ်ရံ ထိခိုက်နစ်နာစေခြင်းမရှိသောကြောင့်အပျက်သဘောဆောင်သောအပြုအမူများဟုသတ်မှတ်၍မရကြောင်း ဆန်းစစ်ရသည်။ ကျောင်းသားတစ်ယောက်၏ ဆွေးနွေးချက်အရ ၎င်း၏ အတန်းဖော်တစ်ဦးကို တစ်တန်းလုံးမှ အာလာဒင်ဟုခေါ်ကြောင်း၊ သူ၏ဖခင်ရောင်းသော ရေခဲချောင်း၏တံဆိပ်မှာ အာလာဒင်ဖြစ်သောကြောင့် ယင်းသို့ခေါ်ဆိုခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။ ထိုသို့ခေါ်ဆိုခြင်းမှာလည်း ရင်းနှီးသောသဘောဖြင့် ခေါ်ဆိုခြင်းသာဖြစ်ပြီး အခေါ်ခံရသူကိုယ်တိုင်လည်း ထိခိုက်ခံစားရခြင်းမရှိကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။ ဒုတိယအနေဖြင့် အချို့သော ကျောင်းသား/သူများမှာ ၎င်းတို့ကိုယ်တိုင် အနိုင်ကျင့်ခံသည့်အခါတွင်ဖြစ်စေ၊ တစ်ပါးသူ အနိုင်ကျင့်ခံနေရကြောင်း မြင်သည့်အခါတွင် ဖြစ်စေ ထုတ်ဖော်ပြောဆိုရန် ဝန်လေးကြကြောင်း အချက်အလက်များအရ သိရသည်။ ကျောင်းသား/သူအနည်းငယ်၏ ပြောဆိုချက်အရ ၎င်းတို့အား အနိုင်ကျင့်သူ (များသောအားဖြင့် ၎င်းတို့၏ အတန်းဖော်)က ခြိမ်းခြောက်ထားသောကြောင့် ထိုသို့ အနိုင်ကျင့်ခံရသည့် ဖြစ်ရပ်များကို ဆရာ/မများထံ မတင်ပြရခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့အပြင် ကျောင်းသား/သူအချို့မှာ ထိုသို့ကိစ္စရပ်များအားတိုင်ကြားလျှင် မိမိတို့ကိုယ်တိုင် ပြဿနာအတွင်း ပါဝင်သွားမည်ကို စိုးရိမ်သောကြောင့် မတင်ပြ

ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။ နောက်ဆုံးတွင် ကျူးလွန်သူကို အပြစ်ပေးသည့်အနေဖြင့် ရိုက်နှက်ခြင်းသည် အလေ့အထ တစ်ခုအဖြစ် ရှိနေနိုင်သေးသည်ကို တွေ့ရသည်။ အကျိုးဆက်အနေဖြင့် ထို့သို့အပြစ်ပေးမှုပုံစံများသည် ကျူးလွန်ထားသည့် လုပ်ရပ်အတွက် ကြီးလေးသည်ဟုသတ်မှတ်သောကြောင့် ကျောင်းသား/သူအချို့သည် အနိုင်ကျင့်ခံရမှုကို တိုင်ကြားရန် စိတ် ဝင်စားခြင်း မရှိတော့ချေ။

**အနှစ်ချုပ်အားဖြင့် ကျောင်းသား/သူများသည် ၎င်းတို့ကြုံတွေ့ရသော အနိုင်ကျင့်မှု၊ အနှောင့်အယှက်ပေးမှုများ၏ ဆိုးရွားမှုအခြေအနေ၊ သက်ရောက်မှုအခြေအနေ၊ ကျူးလွန်သူကို ကြောက်ရွံ့ရခြင်း၊ ပြဿနာတွင် ပါဝင်လိုမှုမရှိခြင်းနှင့် အပြစ်ပေးမှုပုံစံများ စသည့်အချက်များအပေါ်မူတည်၍ သက်ဆိုင်သူသို့တိုင်ကြားရန် ဝန်လေးတတ်ကြသည်။**

## (၄) ကျောင်းအဆင့် လူမှုရေးဆိုင်ရာ အားလုံးပါဝင်/အကျုံးဝင်စေခြင်း

ဘာသာစကားများ၊ ဓလေ့ထုံးစံများနှင့် လူမှုရေးနောက်ခံများ မတူညီခြားနားခြင်းသည် လူနည်းစုများနှင့် လူမှုရေး၊ ပညာရေး တွင်အခွင့်မသာသည့် အုပ်စုများ၏ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်မှုအတွက် လိုအပ်ချက်များကို ဖြစ်ပေါ်စေသည်။ လက်ရှိအနေဖြင့် ကျောင်းများတွင် တစ်ပတ်လျှင် ဒေသခံတိုင်းရင်းသား ဘာသာစကားကို သင်ကြားရန် တရားဝင်ထုတ်ပြန်ထား သည့် စာသင်ချိန်တစ်ချိန်နှင့် 'ဒေသသင်ရိုး'ဟုခေါ်သည့် စာသင်ချိန်တစ်ချိန်ဟူ၍ ရှိပါသည်။ ဒေသခံတိုင်းရင်းသား ဘာသာ စကားအချိန်သည် လူနည်းစု တိုင်းရင်းသားဘာသာစကားကို ယင်းဘာသာစကားပြောတတ်သော ဆရာ/မဖြင့် သင်ကြားပေး ရန် ရည်ရွယ်ပါသည်။ ဒေသသင်ရိုးသည် ဒေသတစ်ခု၏ဓလေ့ထုံးစံများကို မြှင့်တင်ပေးရန်အတွက်ဖြစ်သည်။ ဥပမာအားဖြင့် ပင်မပြဋ္ဌာန်းစာအုပ်များတွင် ပါလေ့မရှိသည့် လက်ဖက်ပင် (သို့) ဒူးရင်းပင်စိုက်ပျိုးခြင်း၊ ပျိုးထောင်ခြင်း၊ ပြုစုခြင်း၊ ရိတ်သိမ်းခြင်း ကဲ့သို့ ခေါင်းစဉ်များကို သင်ပေးကြကြောင်း ဆရာ/မတစ်ဦးက ပြောပြသည်။ 'စပါးစိုက်ပျိုးရေးလိုမျိုး ပြဋ္ဌာန်းစာအုပ်မှာ ပါလေ့ရှိတဲ့ သင်ခန်းစာတွေဟာ ဒီဒေသက နေ့စဉ်လုပ်ငန်းတွေကို ထင်ဟပ်မှုမရှိတဲ့အတွက် ကျောင်းသား/သူတွေအတွက် လည်း ပုံဖော်ကြည့်ဖို့ခက်တယ်။ သင်ကြားတဲ့အချိန်က တခြားဘာသာရပ်တွေလိုပဲ ၃၅ မိနစ်ဖြစ်တယ်။ ဒါပေမဲ့ အချိန်က မလောက်ဘူး' ဟု ဆရာမတစ်ဦးက တင်ပြခဲ့သည်။ ၎င်းအပြင် ဒေသသင်ရိုးအတွက် ပြဋ္ဌာန်းစာအုပ်မရှိသောကြောင့် အချိန်နှင့် အားထုတ်မှု ပိုလိုအပ်ပါသည်။ ၎င်းစာသင်ချိန်များသည် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားခြင်းအပေါ် အသိအမှတ်ပြုမှုကို သက်သေပြနေသော်လည်း ကျောင်းစာသင်ခန်းများအတွင်း လူမှုရေးအရ အားလုံးပါဝင်မှုဆိုင် ကဏ္ဍတိုင်းကို မထင်ဟပ်နိုင်ပေ။ အချို့ဒေသများတွင် ဆရာ/မများအတွက် ကြီးမားသည့်ပြဿနာမှာ ဘာသာစကား အခက်အခဲများပင်ဖြစ်သည်။ ဘာသာ စကားအခက်အခဲများကြောင့် တစ်ခါတစ်ရံ စာတစ်ပိုဒ်အတွက် ကျောင်းသား/သူများနားလည်ရန် တစ်ပတ်အချိန်ယူရသည်ဟု ဆရာမတစ်ဦးက ဆိုသည်။ ဥပမာအားဖြင့် ရေနွေးကရားအကြောင်း သင်မည်ဆိုလျှင် ကျောင်းသား/သူများ ရှင်းရှင်းလင်းလင်း ပုံဖော်ကြည့်နိုင်စေရန်အတွက် ဆရာ/မများက ကျောင်းသို့ ရေနွေးကရားတစ်လုံး ယူလာရသည်။ ကျောင်းသား/သူများ၏ သင်ယူနိုင်မှုစွမ်းရည် မတူညီမှုများက ကျောင်းသား/သူတစ်ဦးချင်း၏ လိုအပ်ချက်အလိုက် အမျိုးမျိုးသော ချဉ်းကပ်သင်ကြား နည်းများကို လိုအပ်ပြီး လူတိုင်းအတွက် တစ်ခုတည်းသော ချဉ်းကပ်သင်ကြားနည်းသည် အားလုံးအကျုံးဝင်အောင် တုံ့ပြန် ဆောင်ရွက်ခြင်း မပြုနိုင်ပေ (Soriano, Watkins & Ebersold, n.d.)။

ကျောင်းများသည် မသန်စွမ်းများအတွက် ကိုက်ညီမှုရှိခြင်းသည်လည်း ကလေးများ ပညာသင်ယူခွင့်ရရှိရေးတွင် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ မသန်စွမ်းကလေးများတွင် ပညာရေးရရှိမှု ပိုမိုနည်းပါးခြင်း၊ အလုပ်အကိုင်မရှိခြင်း သို့မဟုတ် ဝင်ငွေ နည်းသော အလုပ်အကိုင်များသာရရှိခြင်းအပြင် ပုံမှန်လူများထက် ကျန်းမာရေးအားနည်းသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ရန် အခွင့်အလမ်းပိုများသည် (World Bank, 2020)။ စစ်တမ်းကောက်ယူခဲ့သော ဆရာ/မများ (၃၃ ဦး) တွင် ၄၉ % နီးပါးကလည်း ကျောင်းအဆောက်အဦးနှင့် သင်ကြားနည်းများသည် မသန်စွမ်းများနှင့် ကိုက်ညီမှုအားနည်းကြောင်း ပြောကြားခဲ့သည်။ ကရင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများစွာ ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲ နေရာတစ်ခုဖြစ်ပြီး များစွာသော အရပ်သားများကို ကိုယ်လက်အင်္ဂါချို့ယွင်းပြီး မသန်စွမ်းဖြစ်စေခဲ့သည့် မြေမြှုပ်ဗုံးများသည်လည်း ကြီးမားသည့်ပြဿနာတစ်ရပ်ဖြစ်နေသေးသော နေရာတစ်ခုဖြစ်ရာ စာသင်ခန်းများအတွင်း ကိုယ်ခန္ဓာမသန်စွမ်းသည့် ကလေးများလည်း ရှိနေမည်ဖြစ်သည်။ ထို့အပြင် ကျောင်းများတွင် မသန်စွမ်းသည့် ကျောင်းသား/သူများရှိကြပါသည်ဟုပြောသော ဆရာ/မများမှာ အလွန်နည်းပါးသည်။ ဖြေကြားသူများ (၃၃ ဦး)၏ ၃၃ % ခန့်ကမိမိတို့ကျောင်းများတွင် ကိုယ်ခန္ဓာမသန်စွမ်းသည့် ကလေးအနည်းငယ်ရှိသည်ဟု

ပြောကြပြီး ၆၄ % ကမူ မိမိတို့ကျောင်းများတွင် ထိုသို့သောကလေးများ တစ်ယောက်မျှပင်မမြင်ဖူးပါဟု ဖြေကြားခဲ့ကြသည်။ ဖြေကြားသူများ (၃၄ ဦး)၏ ၃၅ % ခန့်ကလည်း ၎င်းတို့ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသည့် ကျောင်းသား/သူများရှိသည်ဟု ထင်မှတ်ကြသည်။ ပညာရေးတွင် နောက်ကျကျန်နေသော (သို့) အမျိုးမျိုးသော အကြောင်းကြောင့် သင်ခန်းစာများကို ကောင်းစွာမလိုက်နိုင်သော ကျောင်းသား/သူများအတွက် ဆရာ/မများသည် ၎င်းတို့ကို အကူအညီပေးရန် တစ်ခါတစ်ရံ ကိုယ်ပိုင်အချိန်ဖြစ်သည့် ကျောင်းဆင်းချိန် သို့မဟုတ် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် အချိန်ပို သင်ပေးကြရသည်။

**အချုပ်အားဖြင့် ကျောင်းများတွင် ကျောင်းသား/သူအားလုံး ပါဝင်နိုင်မှုအတွက် စီမံချက်သည် အားနည်းမှုရှိနေသေးသည်ကို တွေ့ရသည်။ စနစ်အရ ဖယ်ကျဉ်ခံရသော ကျောင်းသား/သူများကို သင်ကြားပေးရန် ဆရာ/မများက ပို၍ အားထုတ်ကြိုးပမ်းကြရသည်။**

# နိဂုံး

သုတေသနရလဒ်အရ ကရင်ပြည်နယ်ရှိကျောင်းများတွင် လူအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်မှုနှင့် လိုက်လျောညီထွေဖြစ်မှု အားနည်းသည်ဟု ယူဆရပါသည်။ ကျောင်းပတ်ဝန်းကျင်များတွင် နှုတ်ဖြင့်ထိခိုက်နာကျင်စေမှုများသည် ပုံမှန် ဖြစ်လေ့ဖြစ်ထရှိသော အရာတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ နှုတ်ဖြင့် ထိခိုက်နာကျင်စေခြင်းနှင့် အနိုင်ကျင့်ထိပါးခြင်းတို့၏ ပုံစံနှင့် သဘောသဘာဝတို့သည် ထုံးစံအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အမှတ်လက္ခဏာများ၊ အသားအရောင်၊ ရုပ်ရည်သွင်ပြင်နှင့် ဘာသာစကား အားနည်းမှုတို့အပေါ်တွင် အခြေခံသည်။ အချို့ ကျောင်းသား၊ ကျောင်းသူများလည်း နှုတ်ဖြင့် ထိခိုက်နာကျင်စေခြင်းနှင့် အနိုင်ကျင့်ထိပါးခြင်းတို့ကို မတိုင်တန်းလိုကြောင်း တွေ့ရသည်။ ကျောင်းများတွင်လည်း မတူညီသည့် ယဉ်ကျေးမှု၊ အလေ့အထများ၊ စံသတ်မှတ်ချက်များနှင့် ဓလေ့ထုံးတမ်းများအပေါ် တန်ဖိုးထားမှုနှင့် လေးစားမှုတို့ကို မြှင့်တင်ပေးရန် စနစ်ကျသောနည်းဗျူဟာများ မရှိသည့်အပြင် အနိုင်ကျင့်မှုပပျောက်ရေး ကြိုးပမ်းလုပ်ဆောင်ချက်များတွင် သင့်လျော်သောမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများလည်း မရှိသည်ကို တွေ့ရသည်။ အမျိုးသားပညာရေးဥပဒေ (NEL, 2014) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (NEL Amendment, 2015) တို့၏ ရည်မှန်းချက်များတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားများနှင့် ယဉ်ကျေးမှုများကို သင်ယူရေးအတွက် အထောက်အပံ့ပေးခြင်း၊ ပြည်သူ့နီတိဆိုင်ရာနှင့် ဒီမိုကရေစီဆိုင်ရာ စံနှုန်းများနှင့် လူ့အခွင့်အရေးများအပေါ် လေးစားမှုကိုမြှင့်တင်ပေးခြင်း၊ နိုင်ငံတကာအဆင့်မီသော သင်ယူမှုဝန်းကျင် ဖန်တီးပေးခြင်းများ ပါဝင်သည်။ အမျိုးသားပညာရေးဥပဒေ (NEL) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (NEL Amendment) နှစ်ခုလုံးသည် အားလုံးအကျုံးဝင်ပညာရေး၊ မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် လေ့လာခွင့်မရကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးပညာရေးအစီအမံများကို မြှင့်တင်ပေးရန်လည်း ရည်ရွယ်သည်။ ထို့အပြင် အခြေခံပညာရေးဥပဒေ(၂၀၁၉)က ပြဋ္ဌာန်းထားသည့် အခြေခံပညာရေးဆိုင်ရာ အခြေခံမူများတွင် မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်များကို မြှင့်တင်ခြင်း၊ လူမျိုးစု၊ ဇာတိ၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှု၊ ကျား/မဖြစ်တည်မှု၊ စီးပွားရေးအဆင့်အတန်းနှင့် မသန်စွမ်းဖြစ်ခြင်းတို့အပေါ် အခြေခံသော ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် တိုင်းရင်းသားလူမျိုးအားလုံး၏ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာနှင့် အမွေအနှစ်တို့အပေါ် လေးစားမှုကို မြှင့်တင်ပေးခြင်းတို့ ပါဝင်သည်။

အောက်ပါအချက်များသည် လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါအကျုံးဝင်ပညာရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သော အကြံပြုချက်များ ဖြစ်သည်။

## လူတိုင်းအကျုံးဝင်ပညာရေးအတွက် အခွင့်အလမ်းများ

### လူ့အခွင့်အရေးများကို သင်ကြားပေးခြင်း

လူ့အခွင့်အရေးများကို သင်ကြားပေးခြင်းသည် ကျောင်းသား၊ကျောင်းသူအားလုံး ပိုမိုပါဝင်သော၊ စိတ်ပါဝင်စားမှုရှိသော စာသင်ခန်းတစ်ခုကို ဖန်တီးရန် အရေးပါသည့် ချဉ်းကပ်နည်းတစ်ခုဖြစ်သည်။ လူ့အခွင့်အရေးများကို သင်ကြားပေးခြင်းသည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအကြား အပျက်သဘောဆောင်သည့် အပြုအမူများ နည်းပါးသည့် ပို၍မျှတသော ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်သည်ဟု လက်ခံထားကြသည်။ ကျောင်းများ၌ လူ့အခွင့်အရေးများကို သင်ယူခြင်းသည် ငြိမ်းချမ်းသော၊ မျှတသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို ရရှိရန် အလွန်အရေးပါသည့် တန်းတူညီမျှခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ လူတိုင်းအားလုံးအကျုံးဝင်ခြင်းနှင့် ပါဝင်ဆောင်ရွက်နိုင်ခြင်းဆိုင်ရာ ဘုံယဉ်ကျေးမှုတစ်ခုရှိသည့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းဖြစ်လာရန် အားပေးအားမြှောက်ပြုသည်ကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အခိုင်အမာ ဆိုထားသည် (Human Rights Friendly Schools, n.d.)။ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာဗဟုသုတကိုဖြန့်ဝေပေးရေးနှင့် မတူညီကွဲပြားသော တန်ဖိုးထားမှုများနှင့် ဓလေ့များအပေါ် လေးစားမှုရှိရန်အတွက် ပြုစုပျိုးထောင်ပေးရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည် (Brett, Mompoint-Gaillard & Salema, 2009)။ လူ့အခွင့်

အရေးအသိပညာကို ဖြန့်ဝေပေးနိုင်ရန် ပထမဆုံးအနေဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများ၏ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို ဦးစွာ သတိမူထားရန် လိုအပ်သည်။ ထို့အပြင် လူ့အခွင့်အရေး ကြေညာစာတမ်းများနှင့် စာချုပ်စာတမ်းများ၊ ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်ရာ နိုင်ငံတကာဥပဒေများ၊ ယင်းတို့ထဲတွင်ပါဝင်သည့် အချက်များ၏ အဓိပ္ပာယ်နှင့် ၎င်းတို့ကိုအခြေခံသည့် တန်ဖိုးထားမှုများ ကျောင်းသား၊ ကျောင်းသူများအား ကောင်းစွာ သိရှိနားလည်လာစေရန် တာဝန်ရှိသည်။ ဒုတိယအနေဖြင့် ဆရာ၊ ဆရာမများသည် လူ့အခွင့်အရေးများအပေါ် အပြုသဘောဆောင်သည့် သဘောထားကို လက်ခံကျင့်သုံးရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ခွဲခြားဆက်ဆံမှုမရှိဘဲ လူ့အခွင့်အရေးများကို လက်တွေ့ကျကျ လိုက်နာကျင့်သုံးသည့် စာသင်ခန်းတစ်ခု ဖြစ်လာစေရန်လည်း လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ယင်းစာသင်ခန်းတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကပါလေးစားကြရမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများကို ၎င်းတို့၏ အခွင့်အရေးများကို လိုက်နာကျင့်သုံးကြရန်နှင့် အခြားသူများ၏ အခွင့်အရေးများကိုလည်း ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းအားပေးရန် လိုအပ်ပါသည် (Robinson, Phillips & Quennerstedt, 2018)။

## ကျောင်းသင်ခန်းစာများတွင် ယဉ်ကျေးမှုဆိုင်ရာရှုထောင့် ပါဝင်မှု

ပြဋ္ဌာန်းစာအုပ်များသည် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုကို သင်ကြားရာတွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ပါသည် (Rad, 2014)။ အစိုးရက တရားဝင်ပြင်ဆင်ထားသည့် ပြဋ္ဌာန်းစာအုပ်များတွင် ပါရှိသောအကြောင်းအရာတွင် တိုင်းရင်းသားလူမျိုးစုနှင့် ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်များကိုပါ ဆက်စပ်စဉ်းစားသည့် အကြောင်းအရာများ ပါဝင်ရန်အရေးကြီးပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့နှင့်သက်ဆိုင်မှုမရှိသည့် အကြောင်းအရာများကို သင်ကြားခြင်းမှ အပြည့်အဝ အကျိုးခံစားနိုင်ရန် မဖြစ်နိုင်ပါ (Mendez's, n.d.)။ တိုင်းရင်းသား ယဉ်ကျေးမှုနှင့် စာပေဌာနက ချမှတ်ထားသည့် 'ဒေသသင်ရိုး' သည် ယင်းပြဿနာကို ဖြေရှင်းရန် ရည်ရွယ်ပါသည်။ သို့သော်လည်း ယင်းသည် တိုင်းရင်းသားဘာသာစကား သင်ကြားခြင်းကဲ့သို့သော ကျောင်းချိန်ပြီး သင်ကြားသော သင်ရိုးပြင်ပအချိန်များသာဖြစ်ပြီး သင်ခန်းစာများအတွက် ပြဋ္ဌာန်းစာအုပ်များ မရှိပေ။ အကယ်၍ ပင်မပြဋ္ဌာန်းစာအုပ်များတွင် တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဆက်နွယ်သော အကြောင်းအရာများ ပို၍ပါဝင်မည်ဆိုလျှင် ပို၍ထိရောက်နိုင်လိမ့်မည်။ ရုပ်မြင်သင်ထောက်ကူပစ္စည်းများ၊ ပုံပြင်စာအုပ်များ၊ ကစားနည်းများ စသည်တို့ကဲ့သို့သော သင်ထောက်ကူပစ္စည်းများတွင် တိုင်းရင်းသားလူမျိုးစုနှင့် ယဉ်ကျေးမှုဆိုင်ရာရှုထောင့်များ ပါဝင်ခြင်းသည်လည်း ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုကိုသင်ကြားရန် နည်းလမ်းတစ်ခုဖြစ်နိုင်သည်။ အမျိုးမျိုးသော ယဉ်ကျေးမှုများ၏ စာပေများ ပါဝင်ခြင်းသည် ကျောင်းသား၊ ကျောင်းသူများ ကူလူးဆက်ဆံမှုကို အားပေးနိုင်ပြီး လူတစ်ဦးက ယဉ်ကျေးမှုတစ်ခုအပေါ် မည်သို့ အမြင်ရှိသည်နှင့်ပတ်သက်သည့် ဗဟုသုတနှင့် နားလည်မှုကို မြှင့်တင်ပေးနိုင်သည်။ တိုင်းရင်းသားပုံပြင်များ၊ စာပေနှင့် သဘောထားအမြင်များကို အသုံးပြုခြင်းသည် ဘက်လိုက်မှုရှိနိုင်သော်လည်း ယဉ်ကျေးမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုအတွက် အရေးကြီးသည် (Gay, 2010)။ ထို့ကြောင့် ၎င်းသည် လူတိုင်းအကျုံးဝင် ပညာရေးအတွက် အရေးကြီးပါသည်။

## အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံရေးနှင့် ဆက်နွယ်မှုများကို အားပေးခြင်း

ဆရာ၊ ဆရာမသည် ကျောင်းသား၊ ကျောင်းသူများကြား အပြုသဘောဆောင်သည့် အပြန်အလှန်ဆက်ဆံရေးနှင့် ဆက်နွယ်မှုများကို အားပေးရန်ကြိုးစားအားထုတ်သင့်သည်။ ထိုသို့ပြုလုပ်ရန်အတွက် စာသင်ခန်းတွင် 'ကျောင်းသား၊ ကျောင်းသူများကြား အတန်းဖော်များအချင်းချင်း ပိုမိုကြိုဆိုလက်ခံသော၊ ပိုမိုနှစ်သက်သော၊ ပိုမိုအထောက်အကူပေးသော၊ ပိုမိုဂရုတစိုက်ရှိသော အပြန်အလှန်ဆက်ဆံရေး' ကို မြှင့်တင်ပေးနိုင်သည့် ပူးပေါင်းဆောင်ရွက်သင်ယူသော နည်းလမ်းများကို ကျင့်သုံးသင့်ပါသည် (Juvonen et al., 2019)။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် အုပ်စုတစ်ခု သို့မဟုတ် အသင်းအဖွဲ့တစ်ခု (နှစ်ယောက်မှ ငါးယောက်အထိ) အနေဖြင့် ဘုံရည်မှန်းချက်တစ်ခုအတွက် ၎င်းတို့၏ အတန်းဖော်များနှင့် အပြန်အလှန် ဆက်သွယ်လုပ်ဆောင်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အခြေအနေတစ်ရပ်ကို ဖန်တီးပေးခြင်းဖြစ်သည် (Buchs & Butera, 2015)။ ထိုသို့ပြုလုပ်ရန် အုပ်စုဖွဲ့ရာတွင် ရည်ရွယ်ချက်ရှိရှိဖြင့် မတူညီသော လူမှုရေးနောက်ခံများရှိသော သူများအား အုပ်စုတစ်ခုထဲပါဝင်စေ၍ အချင်းချင်းကြား အပြုသဘောဆောင်သော ဆက်ဆံရေးနှင့် အားလုံးအကျုံးဝင်မှုကို အားပေးမြှင့်တင်စေနိုင်ပါသည် (Juvonen et al., 2019)။ ထို့ကြောင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများ၏ ယဉ်ကျေးမှုနောက်ခံ၊ စိတ်ဝင်စားမှု၊ သင်ယူမှုပုံစံများနှင့် ၎င်းတို့၏ မတူညီကွဲပြားမှု (ထူးခြားမှု) တို့ကို သတိမူရမည်ဖြစ်သည်။ ၎င်းတို့၏ လူမှုရေးနောက်ခံကို စိတ်ဝင်စားမှုပြခြင်းသည် ဆရာ၊ ဆရာမအပေါ် ကျောင်းသား၊ ကျောင်းသူများ၏ ယုံကြည်မှုကို တည်

ဆောက်ပေးပြီး ၎င်းတို့ကို အသိအမှတ်ပြုသည်ဟု ခံစားရစေသည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအား ဆရာ၊ ဆရာမများနှင့် ပိုပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံလာနိုင်စေရန် အားပေးသကဲ့သို့ အတန်းဖော်များနှင့်လည်း ပိုမိုဆက်ဆံမှု ပြုလုပ်လာရန် အားပေးပါသည်။ အချင်းချင်းကြား ပွင့်လင်းသောဆက်ဆံရေးသည် တပါးသူ၏ ယဉ်ကျေးမှုများကို သိရှိလာရန်နှင့် တန်ဖိုးထားမှုကို အသိမှတ်ပြုရန် အရေးပါသည်။

## အနိုင်ကျင့်မှုပပျောက်ရေးအတွက် တစ်ကျောင်းလုံးပါဝင်သည့် ချဉ်းကပ်နည်း

တစ်ကျောင်းလုံးပါဝင်သည့်ချဉ်းကပ်နည်းသည် ကျောင်းများတွင် အနိုင်ကျင့်မှုပပျောက်ရေးအတွက် အထိရောက်ဆုံးအဖြစ် မှတ်ယူသည်။ ယင်းတွင် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ဒေသတွင်းလူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တစ်ဦးချင်းပါဝင်ဆောင်ရွက်မှုတို့ ပါဝင်သည် (Debra & Wendy, 2014)။ တစ်ကျောင်းလုံးပါဝင်သည့် ချဉ်းကပ်နည်းတွင် ပုံမှန်အားဖြင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘများထံမှ အသီးသီး ပါဝင်ဆောင်ရွက်မှုတို့ လိုအပ်သော ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများ ပါဝင်သည်။

### ကြိုတင်ကာကွယ်မှုဆိုင်ရာ လုပ်ငန်းများ

၁။ ကျောင်းများသည် ဆရာ၊ ဆရာမများနှင့် မိဘများဖြင့် အလုပ်အမှုဆောင်အဖွဲ့ဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုဖြစ်စေ ဖွဲ့စည်းသင့်သည်။ ထို့နောက် ဤအဖွဲ့မှ ဦးဆောင်တာဝန်ယူပြီး အနိုင်ကျင့် ထိပါးမှုများကို ဖြေရှင်းရန် မူဝါဒနှင့် လက်တွေ့လုပ်ဆောင်ရန်အချက်များကို ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူ့ဝန်ထမ်းများ၏ အမြင်ကို ထည့်သွင်းစဉ်းစား၍ ချမှတ်ရမည်ဖြစ်သည် (Golubeva, 2018)။ လုပ်ငန်းများဆောင်ရွက်ရန် ရွေးချယ်ထားသည့် သက်ဆိုင်ရာပုဂ္ဂိုလ်များအား တိကျသေချာသော တာဝန်ဝတ္တရားများကို ခွဲခြားပေးအပ်ထားသင့်ပါသည်။

၂။ ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမတိုင်းကို အနိုင်ကျင့်မှု ပပျောက်ရေးအတွက် ချမှတ်ထားသော မူဝါဒအပြင် အနိုင်ကျင့်မှုနှင့် ၎င်း၏ နောက်ဆက်တွဲဆိုးကျိုးများနှင့်ပတ်သက်ပြီး ကောင်းမွန်စွာ အသိပညာ ပေးထားသင့်သည် (Golubeva, 2018)။ ပွဲတော်များနှင့် အစီအစဉ်များသည် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းပတ်ဝန်းကျင် အသိုင်းအဝိုင်းအား အနိုင်ကျင့်မှုနှင့် ၎င်း၏အကျိုးဆက်များဆိုင်ရာ အသိပညာပေးရာတွင် ထိရောက်မှုရှိသည့် ကာကွယ်ရေးနည်းလမ်းများအဖြစ် မြင်တွေ့ရသဖြင့် ပုံမှန် စီစဉ်ကျင်းပသင့်ပါသည်။ စုံညီပွဲတော်ကဲ့သို့သော လှုပ်ရှားဆောင်ရွက်မှုများသည် ပိုမိုကျယ်ပြန့်သော ဒေသတွင်းလူ့အဖွဲ့အစည်း၏ စိတ်ဝင်စားမှုနှင့် ပါဝင်ဆောင်ရွက်မှုကို ရရှိနိုင်စေပြီး အနိုင်ကျင့်မှုပပျောက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေရန် ကြားခံအဖြစ် အသုံးချနိုင်သည်။ ကျောင်းများတွင် မိဘများနှင့် ပိုမိုကျယ်ပြန့်သော ဒေသတွင်းလူ့အဖွဲ့အစည်း၏ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် အလားတူလှုပ်ရှားဆောင်ရွက်မှုများ စီစဉ်ရန် အခွင့်အလမ်းများလည်း ရှိကောင်းရှိနိုင်သည်။

၃။ စောင့်ကြည့်ခြင်းနှင့် တင်ပြခြင်း - စာသင်ခန်း၊ ပတ်ဝန်းကျင်နှင့် ကစားကွင်းများကို စောင့်ကြည့်စစ်ဆေးရန် တာဝန်ပေးထားသည့် ဆရာ၊ ဆရာမများ ရှိသင့်သည်။ အနိုင်ကျင့်ခြင်းနှင့် စကားဖြင့် တိုက်ခိုက်မှုသည် ဆရာ၊ ဆရာမရှိနေစဉ် မတွေ့ရတတ်ကြောင်း ကရင်ပြည်နယ်အတွင်းရှိ ကျောင်းမှရရှိသော အချက်အလက်က ဖော်ပြထားသည်။ ထို့ကြောင့် အနိုင်ကျင့်မှုအဖြစ်အပျက်များသည် ဆရာ၊ ဆရာမ၏ မျက်ကွယ်တွင် (ဥပမာ - ကစားကွင်းကဲ့သို့သော ကျောင်းနယ်မြေများတွင်) ပိုမိုဖြစ်ပွားတတ်ရာ ပုံမှန် စောင့်ကြည့်စစ်ဆေးရန် အရေးကြီးသည်။ ကရင်ပြည်နယ်ရှိ ကျောင်းများထဲမှ တစ်ကျောင်းသည် စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်းဖြစ်ပွားသော အနိုင်ကျင့်မှု၊ တိုက်ခိုက်မှုများနှင့် လွဲမှားသည့်လုပ်ဆောင်မှုတို့ကို တားဆီးကာကွယ်ရန် စောင့်ကြည့်စစ်ဆေးသည့် အဖွဲ့တစ်ခုကို စတင်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများ ကောင်းမွန်စွာ ပြုမူနေထိုင်ကြစေရန်အတွက် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများသည် လှည့်လည်စောင့်ကြည့် ကိုယ်ထင်ပြရန် အလှည့်ကျ တာဝန်ယူကြသည်။

ထိုသို့ဆောင်ရွက်မှုသည် ကျောင်းတွင် ဖြစ်ပျက်ခဲ့သော ကိုယ်ထိလက်ရောက် ခိုက်ရန်ဖြစ်ပွားမှုများနှင့် နှုတ်ဖြင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကို လျှော့ချရာတွင် ထိရောက်မှုရှိကြောင်း တွေ့ခဲ့ရသည်။ နောက်ပိုင်းတွင် ၎င်းတို့သည် စာသင်ခန်းကို ပုံမှန်စောင့်ကြည့်စစ်ဆေးရန်နှင့် ဆရာ၊ ဆရာမထံတင်ပြရန် တာဝန်ဝတ္တရားများကို ကျောင်းသား၊ ကျောင်းသူ ခေါင်းဆောင်များအား လက်ဆင့်ကမ်းပေးခဲ့သည်။

အနိုင်ကျင့်မှုပပျောက်ရေးအတွက် ကိစ္စရပ်တိုင်းကို အစီရင်ခံစာတင်ပြကြရန် သို့မဟုတ် တိုင်ကြားအသိပေးရန် အတွက် ကျောင်းသား၊ ကျောင်းသူတိုင်းကို တွန်းအားပေးရန် အလွန်အရေးကြီးသည်။ တင်ပြခြင်း၊ တိုင်ကြားခြင်း သည် အနိုင်ကျင့်မှုများကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်ပြီး ရန်ပြုခံရသူများကိုလည်း ကူညီနိုင်သည်။ ထို့အပြင် အစီရင်ခံစာတင်ခြင်း သို့မဟုတ် တိုင်တန်းခြင်းလုပ်ငန်းစဉ်တွင် မည်သည့်နေရာနှင့် မည်သူ့ကို တင်ပြ ရန်ကဲ့သို့သော ရှင်းလင်းသည့် သတင်းအချက်အလက်နှင့် တင်ပြသည့် ကိစ္စရပ်များအတွက် မှတ်တမ်းများ ယူခြင်းတို့သည် အနိုင်ကျင့်မှုပပျောက်ရေးဆိုင်ရာ လုပ်ဆောင်မှုများ၏ အောင်မြင်မှုကို အကဲဖြတ်ရာတွင် အထောက်အကူဖြစ်စေနိုင်သည် (Centre for Education Statistics and Evaluation – AU, 2017)။

**တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများ**

၁။ အနိုင်ကျင့်သူများကို အပြစ်ပေးခြင်း - နှုတ်ဖြင့်သတိပေးခြင်း၊ ကျောင်းသို့ မိဘများ သို့မဟုတ် အုပ်ထိန်းသူများ ခေါ်ခြင်း၊ ကျောင်းဆင်းချိန်တွင် ဆင်းခွင့်မပေးခြင်း၊ တိုတောင်းသည့် အချိန်ကာလတစ်ခုအကြာ အတန်းများ တက်ရောက်ခွင့် ပိတ်ပင်ခြင်းနှင့် ကျောင်းနားထားခြင်းတို့ ပါဝင်သည် (Centre for Education Statistics and Evaluation – AU, 2017)။

၂။ အသုံးပြုမှုများလာသည့် အခြားသော ချဉ်းကပ်နည်းမှာ ကျောင်းသား၊ ကျောင်းသူများကို အပြစ်ပေးခြင်းထက် ၎င်းတို့အကြား ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကို ပြန်လည်ပြုပြင်ခြင်းအား အဓိကထားခြင်းဖြစ်သည်။ ရန်ပြုခံရသူများကို ၎င်းတို့လုံခြုံရေးအတွက် အာမခံပေးသင့်ပြီး ၎င်းတို့၏ အတွေ့အကြုံကို ပြန်လည်ဖော်ပြနိုင်အောင် လုပ်ဆောင်ပေးထားသင့်ပါသည်။ ထို့အပြင် အနိုင်ကျင့်သူများက မိမိတို့လုပ်ရပ်၏ သက်ရောက်မှုများကို သိရှိ လာစေရန်နှင့် ပိုမိုကောင်းမွန်စွာ ပြုမူဆက်ဆံတက်လာရန် အားပေးရမည်ဖြစ်ပြီး ထိခိုက်ပျက်စီးမှုအတွက် တောင်းပန်တတ်ရန် အားပေးရမည် ဖြစ်သည် (Centre for Education Statistics and Evaluation – AU, 2017)။

# ကျမ်းကိုးစာရင်း


Amnesty International.(2017). Human Rights Friendly Schools. Retrieved from https://www.amnesty.org/en/human-rights-education/human-rights-friendly-schools/

Amnesty Internatonal (June 14, 2017) . *Myanmar: Ethnic minorities face range of violations including war crimes in northern conflict.* Retrieved from (https://www.amnesty.org/en/latest/news/2017/06/myanmar-ethnic-minorities-face-violations-in-northern-conflict/

Aung. S. Y. (December 27, 2018). *President urged to rid school curriculum of "discriminatory" language."* The Irrawaddy. Retrieved from https://www.irrawaddy.com/news/burma/president-urged-rid-school-curriculum-discriminatory-language.html

Brett, P., Mompoint-Gaillard, P., & Salema, M. H., (March 2009). How all teachers can support citizenship and human rights education: A framework for the development of competences (Publication). Council of Europe.

Buchs, C., & Butera, F. (January 1, 2015). Cooperative learning and social skills development. *Collaborative Learning: Developments in Research and Practice.* Geneva, Switzerland.

Burma News International, (April 27, 2016). Buddhist Abbot Fuels Religious Tension in Karen State by Building Pagodas in Church and Mosque Grounds. Retrieved from https://www.bnionline.net/en/news/karen-state/item/1600-buddhist-abbot-fuels-religious-tension-in-karen-state-by-building-pagodas-in-church-and-mosque-grounds.html

Centre for Education Statistics and Evaluation, (2017). Anti-bullying interventions in schools – what works? Sydney, NSW: NSW Department of Education, Austrilia.

Crnojević. S. (2014). Researching Cultural Elements in Primary School Textbooks for EFL Setting. Osijek, Croatia. Retrieved from https://core.ac.uk/download/pdf/197548163.pdf

DantDaLun Management and Consulting Services, January 2015. Myanmar Education Consortium Baseline Study Report Inclusive Education Component

Debra, P., & Wendy, C. (2014). Bullying Prevention and Intervention in the School Environment: *Factsheets and Tools.* Canada: PREVNet.

Department of Education, (2017). Preventing and tackling bullying Advice for headteachers, staff and governing bodies. UK

Gay, G. (2010). Ethnic and Cultural diversity in the Content in Culturally Responsive Teaching: Theory, Research and Practices (Second Edition ed.). Teacher College, Columbia University.

Gender Equality Network & Global Justice Center. (July, 2016). Shadow Report on Myanmar for the 64th session of the committee of the elimination of discrimination against women.

Golubeva, M. (dec 2018). Roadmap For Policies Directed at Preventing Bullying in the Eduation System in Albania (Rep.). Council of Europe.

Hayden, M. & Martin, R. (2013). Recovery of the education system in Myanmar. School of Education

Southern Cross University.

Jolliffe, K., & Mears, E. P. (2016). Strength in diversity: Towards university education in Myanmar's ethnic areas. Asia Foundation.

Juvonen, J., Lessard, L. M., Rastogi, R., Schacter, H. L., & Smith, D. S. (2019). Promoting social inclusion in educational settings: Challenges and opportunities. *Educational Psychologist,* 54(4), 250–270. https://doi.org/10.1080/00461520.2019.1655645

Karen Human Rights Group (June, 2008). Burma Army attacks and civilian displacement in northern Papun District. Retrieved from https://khrg.org/2008/06/khrg08f6/burma-army-attacks-and-civilian-displacement-northern-papun-district

Karen Human Rights Group (KHRG) (May 2014). Truce or Transition. Retrieved from https://reliefweb.int/sites/reliefweb.int/files/resources/khrg_-_truce_or_transition_-_english.pdf

MCRB, IHRB, DIHR, September (2015).Myanmar ICT Sector Wide Impact Assessment, p 231,.

Mendez's, L. (n.d.). Culturally Responsive Teaching! Retrieved from https://sites.google.com/site/lmendezksp601/

Ministry of Education (2018). . Department of Education Research, Planning and Training Report on Out-of-school children initiative. Retrieved from http://www.moe-st.gov.mm/wp-content/uploads/2019/04/OOSCIEng-Full.pdf

Ministry of Labor, Employment and Social Security. (2015). Myanmar labor force, child labor, and school to work transition survey. Retrieved from https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-yangon/documents/publication/wcms_516117.pdf

Myint. L.P.P.M & Htwe. N. E. E (June 1, 2017). Prejudice and progress: a snapshot of LGBT rights in Myanmar. Myanmar Times. Retrieved from https://www.mmtimes.com/lifestyle/26228-prejudice-and-progress-a-snapshot-of-lgbt-rights-in-myanmar.html

Nwe.A. (n.d) – Gender Hierachy in Myanmar. Retrieved from https://www.cca.org.hk/ctc/ctc-xxvi-1/131-139_aye_nwe.pdf

O'Connor. (2015). For Reconciliation in Myanmar: Bridging the Divides with Cultural expression - A Conflict Analysis. Search for Common Ground. Myanmar.

OHCHR (n.d.). Gender stereotyping. Retrieved from https://www.ohchr.org/EN/Issues/Women/WRGS/Pages/GenderStereotypes.aspx

OHCHR. (n.d). United Nations Convention on the Child Rights. Retrieved from https://www.ohchr.org/en/professionalinterest/pages/crc.aspx

Olweus, D. (January 1, 2010). Bullying in schools: Facts And Intervention. Kriminalistik, 64.

Salem-Gervais, N. & Raynaud. M. (March 18, 2019). Ethnic language teaching's decentralization divided. Frontier Myanmar. Retrieved from https://frontiermyanmar.net/en/ethnic-language-teachings-decentralisation-dividend

SORIANO, V., WATKINS, A., & EBERSOLD, S. (n.d.). Inclusive education for learners with disabilities (Study). Policy Department for Citizens' Rights and Constitutional Affairs. EU

The 2014 Myanmar Population and Housing Census, Kayin State Census Report –Volume 3-C (May, 2015)

The 2014 Myanmar Population and Housing Census, Union Report (June, 2016).

The Importance of Diversity and Cultural Awareness in the classroom. (n.d.). Drexel University School of Education. Retrieved from https://drexel.edu/soe/resources/student-teaching/advice/importance-of-cultural-diversity-in-classroom/

Turner, I. (2015). Physical and Verbal Bullying Behaviours in School Students: Well-Being, Supportive School Climate, and the Social Identity Perspective. The Australian National University.

UNESCO (2018). *New data reveal that one out of three teens is bullied worldwide* Retrieved from https://en.unesco.org/news/new-data-reveal-one-out-three-teens-bullied-worldwide

UNHCR (2014), "Kayin State Profile"

UNICEF 2016. Situation Analysis of Children with Disabilities in the Republic of the Union of Myanmar. Yangon, UNICEF Myanmar. p. 2

Unicef Myanmar, Ministry of Education and Ministry of Planning and Finance (n,d). Myanmar 2018 Education Brief. Retrieved from https://www.unicef.org/myanmar/media/1901/file/Myanmar%202018%20Education%20Budget%20Brief.pdf

Union of Myanmar. National Education Strategic Plan 2016-2021

VOA news. (January 29, 2019). LGBT pride out in force, but laws lag behind. Retrieved from https://www.voanews.com/east-asia-pacific/myanmar-lgbt-pride-out-force-laws-lag-behind

Wales Equality and Human Rights Commission (2016). Why teach equality and human rights? Retrieved from https://www.equalityhumanrights.com/en/secondary-education-resources/useful-information/why-teach-equality-and-human-rights

World Bank (October 1, 2020). Disability Inclusion Overview.. Retrieved from https://www.worldbank.org/en/topic/disability

Zin Htwe (2018). A Window of Opportunity for Union Budget Reform of Education Sector in Myanmar. International University of Japan.

ANOTHER DEVELOPMENT POLICY THINK-TANK
62, 5th Floor, Nyaung Tone Street, Sanchaung Township, Yangon
Tel : (+95) 09 264 883 421
Email: office@anotherdevelopment.org
website - www.anotherdevelopment.org

